ကမ္ဘာ့ရတနာဘဏ်

(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(၃၁)ကြိမ်မြောက်
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့
တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ
၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်

"သင့်ရည်မှန်းချက်အောင်မြင်ရေး၊ GTB မှ ဖြည့်ဆည်းပေး"



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများကို မူဝါဒများချမှတ်၍ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် ကမ္ဘာ့ရတနာဘဏ်လီမိတက်သည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ထူးချွန်ထမ်းဆောင်ခဲ့ပါသဖြင့် ကမ္ဘာ့ရတနာဘဏ်လီမိတက် အား နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ချီးမြှင့်လိုက်သည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ (၁၅) ရက်
နေရာ ။ ။ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

ဂုဏ်ပြုမှတ်တမ်းလွှာ



၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ဆဋ္ဌမ အမျှားဆုံး ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) Global Treasure Bank Public Co.,Ltd. သည်နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အဖြင် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလည်း တစ်ထောင့်တစ်ရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် လာမည့်အနာဂတ်ကာလများ တွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ် လုံး၏အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(မင်းထွဋ်)

ဥက္ကဋ္ဌကြီးရေးမှူးချုပ်

ရက် ခွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ( ) ရက်
နေ ဟု၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

ဂုဏ်ပြုမှတ်တမ်းလွှာ



၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် အဆင့် (၆) ဖြင့် ဝင်ငွေခွန် အများဆုံး ထမိးဆောင်ခဲ့သော Global Treasure Bank Public Co., Ltd သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမိးဆောင်နိုင်ခဲ့သည့် အပြင် တိုင်းပြည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမိး အားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာန မှ ဂုဏ်ပြုမှတ်တမိးတင်ပါကြောင်း နှင့်လာမည့် အနာဂတ်ကာလံများ တွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမိးပိုးတိုးတက်ပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမိးရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(မင်းထွဋ်)

ဩဇာကြီးရေးမှူးချုပ်

ဂုက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်
နေ့ ဂွ၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၁၆-၂၀၁၇ ခည်းကြပ်ခွန်အတွင်း တစ်နိုင်ငံလုံးတွင် အဆင့် (၁၁) ဖြင့်

ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သော

Global Treasure Bank Public Co.,Ltd

သည်

နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း တစ်ထောင့်တစ်နေ့ကုန်မှ ပါဝင်ကြိုးပမ်း အားထုတ်ခဲ့မှုအတေါ် ပြည်တွင်း အခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း နှင့် လာမည့်အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းဝိုး တိုးတက်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုး စီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

ထုတ်ပွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်

နေ့ထူး နေပြည်တော်

ကမ္ဘာ့ရတနာဘဏ်လီမိတက်

Table of Contents

01	>	ဥက္ကဋ္ဌ၏ ဥယျောဖဉ်
02	>	ဘဏ်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ
03	>	ဒါရိုက်တာအဖွဲ့အမည်စာရင်း
04	>	စီမံခန့်ခွဲမှုကော်မတီများ
05	>	ဘဏ်၏မတည်ငွေရင်း
06	>	ဘဏ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေများခွဲဝေခြင်း
07	>	ဘဏ်၏ ပုံသေပိုင်ပစ္စည်းများအခြေအနေ
08	>	နှစ်အလိုက် ဘဏ်၏အမြတ်ငွေအပေါ် အခွန်ထမ်းဆောင်မှုနှင့် အပ်ငွေအခြေအနေ
09	>	ကမ္ဘာ့ရတနာဘဏ်၏ ငွေကြေးခိုင်မာမှုအခြေအနေ
10	>	Products and Services
11	>	ပြည်တွင်းငွေလွှဲလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
12	>	နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းအခြေအနေ
13	>	ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်နိုင်မှုအခြေအနေ
14	>	နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
15	>	Channel Banking လုပ်ငန်းဆောင်ရွက်မှုအခြေအနေ
16	>	ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ
17	>	ဘဏ်ဝန်ထမ်းများ၏အရည်အသွေးမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခြင်းအခြေအနေ
18	>	အာမခံကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်မှုအခြေအနေ
19	>	AML/CFT ဆောင်ရွက်မှုအခြေအနေ
20	>	၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များ
21	>	နိဂုံး
22	>	ပြင်ပစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ

ဥက္ကဋ္ဌ၏ ဥယျောဇဉ်



ဦးမောင်မောင်သိမ်း
ဥက္ကဋ္ဌ

> “ လေးစားတန်ဖိုးထားရပါသော ဂုဏ်သရေရှိ အစုရှယ်ယာရှင်များနှင့် မိတ်ဆွေသင်္ဘာအပေါင်း ဘဏ်နှစ်ပတ်လည်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ”

ကျွန်တော်တို့ရဲ့ကမ္ဘာ့ရတနာဘဏ်ကို ၁၅ ဖေဖော်ဝါရီ ၁၉၉၆ မှာ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမည်ဖြင့် စတင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၁ ဇူလိုင် ၂၀၁၃ မှစ၍ ကမ္ဘာ့ရတနာဘဏ် လီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) အမည်သို့ ပြောင်းလဲပြင်ဆင်ပြီး ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် (၃၁) ကြိမ်မြောက် နှစ်ပတ်လည်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

လက်ရှိတွင် ဘဏ်ခွဲ (၁၇၀) ဘဏ်၊ ဘဏ်ခွဲငယ် (၇) ဘဏ်စုစုပေါင်းဘဏ်ခွဲ (၁၇၇) ဘဏ်အထိ ဖွင့်လှစ်ထားသော်လည်း လက်ရှိဖြစ်ပေါ်နေသော နယ်မြေဒေသလုံခြုံရေးအရ ဘဏ်ခွဲပေါင်း (၃၄) ဘဏ်အား ခေတ္တပိတ်သိမ်းထားပြီး (၁၄၃) ဘဏ်ဖြင့် အများပြည်သူတို့၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နည်းပညာပိုင်းဆိုင်ရာနှင့် ပတ်သက်၍ နိုဝင်ဘာ ၂၀၁၈ မှစတင်၍ Infosys Core Banking System အား Go-Live ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဘဏ်လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအလိုက် Banking System Upgrade ဆောင်ရွက်ခြင်း၊ Network Connection များ ကောင်းမွန်စွာ အသုံးပြုနိုင်ရန်နှင့် Security ဆိုင်ရာများအား ခေတ်စနစ်နှင့်အညီ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ အလားတူ ဘဏ်ခွဲဝန်ထမ်းများ Banking System ကောင်းမွန်စွာ အသုံးပြုနိုင်စေရန်၊ အသုံးပြုသော စက်ပစ္စည်းများ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်စေရန်နှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာသုံးစွဲမှု စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန် Department of Information & Technology မှ ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

ကမ္ဘာ့ရတနာဘဏ်အနေဖြင့် မိမိတို့၏ Customer များအား မြန်မာနိုင်ငံ ပြည်တွင်းသာမက ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံပေါင်း (၁၈၁) နိုင်ငံတွင်ပါ အသုံးပြုနိုင်မည့် နိုင်ငံတကာသုံး အကြွေးဝယ်ယူခွင့်ကတ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် UnionPay International (UPI) နှင့် ပူးပေါင်း၍ (GTB UnionPay Single Brand Credit Card) များကို ထုတ်ဝေလျက်ရှိပါသည်။

ကမ္ဘာ့ရတနာဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Authorized Dealer Licence ခွင့်ပြုချက်ဖြင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Money Changer Counter များဖွင့်လှစ်၍ USD, EURO, SGD, THAI BAHT, MYR များ ရောင်းချပေးလျက်ရှိပါသည်။ ထို့ပြင် Correspondent Bank (၄) ခုတွင် Nostro Account များဖွင့်လှစ်၍

လည်းကောင်း၊ နိုင်ငံခြားဘဏ် (၄) ခုတွင် အဆက်အသွယ်ဘဏ် RMA တည်ထောင်၍လည်းကောင်း၊ Export / Import Services၊ Bank Guarantee လုပ်ငန်း၊ Trade Finance TT, L/C လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် Western Union နှင့် ချိတ်ဆက်၍ International Money Transfer များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ကမ္ဘာနိုင်ငံပေါင်း (၇၄) နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများမှ ပေးပို့ခဲ့သည့် Transaction စောင်ရေ (၄၅,၇၄၁) ကို ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အဓိက ငွေလွှဲနိုင်ငံများမှာ မလေးရှား၊ ဂျပန်၊ အမေရိကန်၊ စင်္ကာပူ၊ ထိုင်း တို့ဖြစ်ပါသည်။

ထို့ပြင် GTB နှင့် UAB တို့ပူးပေါင်း၍ ပင်လယ်ရေကြောင်းကုန်သွယ်မှု (Normal Trade) နှင့် နယ်စပ်ကုန်သွယ်ရေး (Border Trade) တို့၌ ငွေလွှဲပြောင်း ပေးချေခြင်းနှင့် ငွေလက်ခံခြင်း လုပ်ငန်းစဉ်အတွက် နှစ်ဦးသဘောတူစာချုပ် (Bilateral Agreement) ရေးထိုးပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

ကမ္ဘာ့ရတနာဘဏ်၏ Product အသစ်ဖြစ်သည့် GTB Mobile Wallet (GTB Pay, GTB Agent, GTB Merchant) Application များဖြင့် Digital Banking စနစ်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့ပြီး GTB Pay အချင်းချင်း ငွေလွှဲပို့နိုင်ခြင်း၊ ဖုန်းဘေလ် ဖြည့်နိုင်ခြင်း၊ မီတာဘေလ်များ ပေးဆောင်နိုင်ခြင်း၊ ဝန်ထမ်းများ၏ လစာများ၊ ဘောနပ်များအား Salary Payment ဖြင့် ပေးဆောင်နိုင်ခြင်း၊ ကြိုက်နှစ်သက်ရာ MyanmarPay MMQR Merchant များတွင် ပေးချေခြင်း၊ အခြားဘဏ်များရှိ Application များမှ GTB Merchant များ၏ QR သို့ ပေးချေမှုအား လက်ခံဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

GTB Pay/ GTB Agent ကို အသုံးပြု၍ လျှပ်စစ်မီတာဘေလ်ပေးဆောင်မှုများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် တို့အပြင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ် တို့တွင် ပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

Compliance Department မှလည်း ၁၁ မတ် ၂၀၂၆ တွင်ထုတ်ပြန်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ နှင့်အညီ Compliance Policy, Risk Management Policy များအား Update ဖြစ်စေရန် ဆောင်ရွက်ပြီး လိုက်နာဆောင်ရွက်နိုင်စေရန် ဘဏ်ခွဲများရှိ Compliance Officer ဘဏ်တာဝန်ခံများနှင့် ဝန်ထမ်းများ အသိပညာရရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်များကို ဝန်ထမ်းများ သိရှိလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ရတနာဘဏ်အနေဖြင့် CSR လုပ်ငန်းများကို ဆောင်ရွက်ရန် ရတနာနှလုံးသားလူမှုအကျိုးပြုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပရဟိတလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့် ဒေသများ၊ ဆင်းရဲနွမ်းပါးလူနာများ၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျပ် (၁၀၆.၆၉) သန်းကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပြီး အစီအရင်ခံကာလအထိ ငွေကျပ် (၁,၁၁၅.၈၉) သန်းကျော် ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပါသည်။

ကမ္ဘာ့ရတနာဘဏ်သည် အစုရှယ်ယာရှင်များ၏ အကျိုးအမြတ်အတွက် မျက်ခြည်မပြတ်စီစဉ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ခေတ်မီနည်းပညာတိုးတက်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ရတနာဘဏ်၏ ဆောင်ပုဒ်ဖြစ်သော "သင့်ရည်မှန်းချက် အောင်မြင်ရေး၊ GTB မှ ဖြည့်ဆည်းပေး" "Your Dream Your Success, Global Treasure Bank" ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းဘဏ်လုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများတွင် ပိုမိုတိုးတက်အောင်မြင်သည့် ဘဏ်တစ်ခု အဖြစ်သို့ ရောက်ရှိရန် အလေးအနက် ယုံကြည်ပါကြောင်း ဆန္ဒပြုအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်



မောင်မောင်သိမ်း
ဥက္ကဋ္ဌ
ကမ္ဘာ့ရတနာဘဏ်
(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်
ကမ္ဘာ့ရတနာဘဏ်
(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
(၃၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့်
ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

နိဒါန်း

၁။ အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် တည်ထောင်ရန် ၆ ဖေဖော်ဝါရီ ၁၉၉၆ တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၃၇၅ / ၁၉၉၅-၁၉၉၆) ဖြင့်ခွင့်ပြုခဲ့ပြီး၊ ၁၉၉၀ ပြည့်နှစ် ပြဋ္ဌာန်းသော မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လိုင်စင်အမှတ်၊ မဗဘ/ပီ-၁၅/(၂)၉၆ ဖြင့် ၁၅ ဖေဖော်ဝါရီ ၁၉၉၆ တွင် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် အမည်ဖြင့် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ ဘဏ်၏လုပ်ငန်းဆောင်တာအဝဝကို ဆက်လက်ကြီးပမ်းဆောင်ရွက်ခဲ့ရာ ၁ ဇူလိုင် ၂၀၁၃ မှစ၍ ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) အမည်သို့ ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၄၆၀၂၄၀၈)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လိုင်စင်အမှတ်၊ မဗဘ/ ပဘ (အာရ) -၂၂ /၀၈/၂၀၁၆ ၊ ၁၈ ဩဂုတ် ၂၀၁၆ တို့ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ ယခင် ၁၉၉၉ ခုနှစ်ကာလက ဘဏ်ခွဲ (၄) ခု သာရှိခဲ့ရာမှ ယခုအခါ ဘဏ်ခွဲ (၁၇၇) ဘဏ်ထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ဘဏ်ခွဲပေါင်း (၃၄) ဘဏ်အား ခေတ္တပိတ်ထားရသော်လည်း (၁၄၃) ဘဏ်ဖြင့် Customer များအား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ဘဏ်အနေဖြင့် သက်တမ်းရလာသည်နှင့်အမျှ အများပြည်သူတို့၏ ယုံကြည်မှုရလာသည့်အလျောက် အပ်ငွေများ တိုးတက်ရရှိလာပြီး တိုးတက်ရရှိလာသော အပ်ငွေများအား ဘဏ်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုသည့် သားငါးကဏ္ဍထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အစရှိသည့် စီးပွားရေးလုပ်ငန်းအသီးသီးသို့ ခိုင်မာသောချေးငွေများ ထုတ်ချေးခဲ့ပါသည်။

၅။ ဒါရိုက်တာအဖွဲ့အား ရှယ်ယာရှင်မဟုတ်သော သီးခြားလွတ်လပ်သောဒါရိုက်တာ (၂) ဦး အပါအဝင် ဒါရိုက်တာ (၁၄) ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့သည် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ ဘဏ်၏ဒါရိုက်တာ ဘုတ်အဖွဲ့အစည်းအဝေးကို

လစဉ်ပုံမှန်ကျင်းပပြီး ဘဏ်လုပ်ငန်းဆိုင်ရာ မဟာဗျူဟာနှင့် ငွေရေးကြေးရေး အားကောင်းခိုင်မာမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပါသည်။

၆။ ကမ္ဘာ့ရတနာဘဏ်သည် ဌာနကြီး (၁၆) ခုထိ တိုးချဲ့ဖွဲ့စည်းပြီး လုပ်ငန်းများ ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်ဝန်ထမ်းများ အတွေ့အကြုံနှင့် ဘဏ်လုပ်ငန်းပညာရပ်များ အသိပညာတိုးမြင့်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းမှ စီစဉ်သောသင်တန်းများ စေလွှတ်တက်ရောက်စေခြင်း၊ ဘဏ်တွင်းဖွင့်လှစ်သော မွမ်းမံသင်တန်းများ၊ IT နည်းပညာသင်တန်းများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်းများ၊ ဥပဒေပိုင်းဆိုင်ရာသင်တန်းများကိုလည်း စဉ်ဆက်မပြတ် သင်ကြားပို့ချပေးလျက်ရှိပြီး ဘဏ်ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ရတနာဘဏ်၏ GTB Mobile Wallet ဖြစ်သော GTB Pay, GTB Agent, GTB Merchant များဖြင့် Digital Banking ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ GTB Agent များတွင် ငွေသားပေးသွင်း၍လည်းကောင်း၊ Wallet Cash In ဆောင်ရွက်နိုင်ခြင်းနှင့် GTB Agent များတွင် Wallet Cash Out ဖြင့် ငွေသားထုတ်ယူနိုင်ခြင်း၊ နိုင်ငံတစ်ဝန်းနေရာဒေသမရွေး လျှပ်စစ်မီတာဘေလ်များ ပေးဆောင်နိုင်ခြင်း၊ ဖုန်းဘေလ်ဖြည့်သွင်းခြင်းနှင့် Bill Payment များ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ True Money နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအား စက်တင်ဘာ ၂၀၂၅ မှ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ဘဏ်များရှိ ကုန်သည်အချင်းချင်း MMQR ကို Scan ဖတ်ရုံဖြင့် ငွေပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

၈။ ကမ္ဘာ့ရတနာဘဏ်၏ ပြင်ပစာရင်းစစ်အဖွဲ့အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ICOP Sein Win & Associates Company Limited အား တာဝန်ပေးအပ်ခဲ့ပါသည်။

၉။ ကမ္ဘာ့ရတနာဘဏ်အနေဖြင့် NPL ကျဆင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း (၅%) လျော့ကျအောင် ဆောင်ရွက်ခဲ့ပါသည်။ ကောက်ခံရန်ကျန် NPL Account များကိုလည်း ဥပဒေအရ ဆောင်ရွက်လျက်ရှိရာ တရားစွဲ၊ ဇာရီဖွင့် လေလံအဆင့် ဆောင်ရွက်နေသော ပမာဏ (၉၈.၃၅%) ဖြစ်၍ ဆုံးရှုံးမှုမဖြစ်စေရေး လက်တွေ့ကျကျ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကမ္ဘာ့ရတနာဘဏ်လီမိတက်၏
၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အမည်စာရင်း



ဦးမောင်မောင်သိမ်း

ဥက္ကဋ္ဌ



ဦးကိုကိုအောင်

အမှုဆောင်အရာရှိချုပ်



ဦးဇော်မင်း

ဒါရိုက်တာအဖွဲ့ဝင်



ဦးညွန့်ဆွေ

ဒါရိုက်တာအဖွဲ့ဝင်



ဦးမြတ်ထွန်းကျော်

ဒါရိုက်တာအဖွဲ့ဝင်



ဒေါ်သွယ်သွယ်နိုင်

ဒါရိုက်တာအဖွဲ့ဝင်



ဦးခင်မောင်ကျော်

ဒါရိုက်တာအဖွဲ့ဝင်




ဦးဌေးအောင်

ဒါရိုက်တာအဖွဲ့ဝင်



ဦးအောင်မျိုးဇော်

ဒါရိုက်တာအဖွဲ့ဝင်



ဦးအောင်မြင့်

ဒါရိုက်တာအဖွဲ့ဝင်



ဒေါ်ကျူးကျူး

ဒါရိုက်တာအဖွဲ့ဝင်



ဒေါ်သန်းသန်းစု

ဒါရိုက်တာအဖွဲ့ဝင်



ဒေါ်ခင်ဇော်ဝင်း

Independent Director



ဒေါ်သန်းသန်းရီ

Independent Director

စီမံခန့်ခွဲမှုကော်မတီများ

၁၀။ ကမ္ဘာ့ရတနာဘက်၏ ၂၂ စက်တင်ဘာ ၂၀၂၅ တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅-၂၀၂၆) ဆုံးဖြတ်ချက်ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအခန်း (၁၀)၊ ပုဒ်မ(၇၅)၊ ပုဒ်မခွဲ(က)အရ အောက်ပါကော်မတီ(၅)ခုဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

(က) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ

(၁) ဒေါ်သန်းသန်းရီ	သီးခြားလွတ်လပ်သောဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
(၂) ဒေါ်ကျူးကျူး	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၃) ဦးဌေးအောင်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၄) ဦးမြတ်ထွန်းကျော်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၅) ဦးကိုကိုအောင်	ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ်	အတွင်းရေးမှူး

(ခ) ချေးငွေ ကော်မတီ

(၁) ဦးခင်မောင်ကျော်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ခေါင်းဆောင်
(၂) ဦးအောင်မျိုးဇော်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၃) ဦးမြတ်ထွန်းကျော်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၄) ဒေါ်သွယ်သွယ်နိုင်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၅) ဦးကိုကိုအောင်	ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ်	အတွင်းရေးမှူး

(ဂ) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲရေး ကော်မတီ

(၁) ဦးဇော်မင်း	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ခေါင်းဆောင်
(၂) ဦးခင်မောင်ကျော်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၃) ဒေါ်ကျူးကျူး	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၄) ဦးအောင်မြင့်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၅) ဦးကိုကိုအောင်	ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ်	အတွင်းရေးမှူး

(ဃ) စာရင်းစစ် ကော်မတီ

(၁) ဒေါ်ခင်ဇော်ဝင်း	သီးခြားလွတ်လပ်သောဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
(၂) ဦးစိုးဝင်း	စာရင်းစစ်ကော်မတီ	အဖွဲ့ဝင်
(၃) ဦးတင်ငွေ	စာရင်းစစ်ကော်မတီ	အဖွဲ့ဝင်
(၄) ဒေါ်အေးအေးဝင်း	စာရင်းစစ်ကော်မတီ	အဖွဲ့ဝင်

(င) လစာချီးမြှင့်ရေး ကော်မတီ

(၁) ဦးအောင်မျိုးဇော်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ခေါင်းဆောင်
(၂) ဦးညွန့်ဆွေ	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၃) ဒေါ်သန်းသန်းစု	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၄) ဦးဌေးအောင်	ဒါရိုက်တာအဖွဲ့ဝင်	အဖွဲ့ဝင်
(၅) ဦးကိုကိုအောင်	ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ်	အတွင်းရေးမှူး

GLOBAL TREASURE BANK


အမှုဆောင်အရာရှိချုပ်




ဘဏ်၏မတည်ငွေရင်း

၁၁။ ဘဏ်၏ ခွင့်ပြုမတည်ငွေရင်းမှာ ကျပ်သန်းပေါင်း (၇၀,၀၀၀) ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၀,၀၀၀) ဖြင့် အစုရှယ်ယာပေါင်း (၇,၀၀၀,၀၀၀) သတ်မှတ်ထားပါသည်။ ပုဂ္ဂိုလ်တစ်ဦး (သို့) စီးပွားရေးအဖွဲ့အစည်းတစ်ရပ် ပိုင်ဆိုင်ခွင့်ရှိသော အစုရှယ်ယာအရေအတွက်ကို ခွင့်ပြုမတည်ငွေရင်း၏ (၅%) အထိ ပိုင်ဆိုင်နိုင်ခွင့်ရှိပြီး အနည်းဆုံး အစုရှယ်ယာစောင်ရေ (၃၀,၀၀၀)၊ တန်ဖိုး ကျပ်သန်း (၃၀၀)နှင့်အထက် ဝယ်ယူပိုင်ဆိုင်ထားသူသည် ဘဏ်ဒါရိုက်တာအဖြစ် ရွေးချယ်ခံနိုင်ခွင့်ရှိပါသည်။ ၃၁ မတ် ၂၀၂၆ အထိ အပြည့်အဝထည့်ဝင်ပြီး အစုရှယ်ယာအရေအတွက်မှာ (၆,၂၄၃,၆၅၀) ဖြစ်ပြီး အစုရှယ်ယာတန်ဖိုးမှာ ကျပ် (၆၂,၄၃၆.၅၀) သန်း ဖြစ်ပါသည်။

စဉ်	ရှယ်ယာအရေအတွက်	ရှယ်ယာရှင် အရေအတွက်	ရှယ်ယာတန်ဖိုး (ကျပ်)
၁	၁ မှ ၁၀၀	၂၆၄	၁၉၄,၅၀၀,၀၀၀
၂	၁၀၁ မှ ၅၀၀	၂၀၄	၆၃၈,၀၀၀,၀၀၀
၃	၅၀၁ မှ ၁,၀၀၀	၁၁၄	၉၂၈,၀၀၀,၀၀၀
၄	၁,၀၀၁ မှ ၃,၀၀၀	၁၅၃	၂,၇၇၆,၀၀၀,၀၀၀
၅	၃,၀၀၁ မှ ၅,၀၀၀	၅၂	၂,၁၃၈,၅၀၀,၀၀၀
၆	၅,၀၀၁ မှ ၁၀,၀၀၀	၄၄	၃,၄၂၈,၅၀၀,၀၀၀
၇	၁၀,၀၀၁ မှ ၃၀,၀၀၀	၄၁	၇,၃၇၁,၀၀၀,၀၀၀
၈	၃၀,၀၀၁ အထက်	၅၀	၄၄,၉၆၂,၀၀၀,၀၀၀
	စုစုပေါင်း	၉၂၂	၆၂,၄၃၆,၅၀၀,၀၀၀



ဘဏ်၏မတည်ငွေရင်းအခြေပြဂရပ်



	2021-22	2022-23	2023-24	2024-25	2025-26
အစုအရေအတွက်	6,243,650	6,243,650	6,243,650	6,243,650	6,243,650
တန်ဖိုး(ကျပ်သန်း)	62,436.5	62,436.5	62,436.5	62,436.5	62,436.5

ကမ္ဘာ့ရေတနာဘဏ်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေများခွဲဝေခြင်း

၁၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်သို့ ဝင်ငွေခွန် ကျပ် (၇၂,၃၆) သန်း ပေးဆောင်ပြီးနောက် အောက်ပါအတိုင်း ရန်ပုံငွေများ ခွဲဝေထားပါသည် -

(က) အထွေထွေသီးသန့်ရန်ပုံငွေ (General Reserve)

ဥပဒေအရ နှစ်အလိုက် ဘဏ်မှရရှိသော အမြတ်၏ (၂၅%) ဖြစ်သော ကျပ် (၆၄,၁၄) သန်းကို အထွေထွေသီးသန့်ရန်ပုံငွေအဖြစ် လျာထားခဲ့ပါသည်။

(ခ) ကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေ (Bad and Doubtful Debts)

ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေအရ ကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေကို ဘဏ္ဍာနှစ်ကုန်ဆုံးသည့်နေ့ရှိ ဘဏ်မှ ထုတ်ချေးထားသည့် ငွေ၏ (၂%) ကိုပြည့်မီရန် လျာထားရပါသည်။ ယခုဘဏ္ဍာနှစ်အထိ ကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေမှာ (၂%) ပြည့်မီပါသည်။

၇ အရေးပေါ်သီးသန့်ရန်ပုံငွေ (Reserve for Contingency)

ပုဂ္ဂလိကဘဏ်တိုင်းသည် အရေးပေါ်ကိစ္စရပ်များအတွက် သီးသန့်ရန်ပုံငွေကို ဘဏ်၏အမြတ်ပေါ်မူတည်၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေထည့်သွင်းသွားရန် ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ ယခုဘဏ္ဍာနှစ်အတွင်း ဤရန်ပုံငွေအတွက် ကျပ်သန်း (၁၅၀) လျာထားခဲ့ပါသည်။

၈ အာမခံလျော့နည်းငွေ (Shortfall in the Value of Securities)

အာမခံလျော့နည်းမှုအပေါ် ယခုဘဏ္ဍာနှစ်အတွင်း ဤရန်ပုံငွေအတွက် ကျပ်သန်း (၃၀၀) လျာထားခဲ့ပါသည်။

၉ အမြတ်ငွေစုစုပေါင်း (Retained Earning)

ရှေ့နှစ်သို့ သယ်ဆောင်သွားရမည့် အမြတ်ငွေမှာ ကျပ် (၄၂.၄၁) သန်းဖြစ်ပြီး အမြတ်ငွေစုစုပေါင်း (Retained Earning) မှာ ကျပ် (၄,၂၃၁.၁၉) သန်းဖြစ်ပါသည်။

ဘဏ်၏ ပုံသေပိုင်ပစ္စည်းများအခြေအနေ

၁၃။ ကမ္ဘာ့ရတနာဘဏ်၏ ပုံသေပိုင်ပစ္စည်းများပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) Tangible Assets (Property, Plant & Equipment)


(၁)	မြေ	-	ကျပ် (၂၅,၀၆၂.၆၉) သန်း
(၂)	အဆောက်အဦ	-	ကျပ် (၂၆,၈၅၅.၈၈) သန်း
(၃)	စက်ပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းများ	-	ကျပ် (၃,၄၉၇.၆၈) သန်း
(၄)	ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ	-	ကျပ် (၃,၇၅၈.၈၆) သန်း
(၅)	မော်တော်ယာဉ်	-	ကျပ် (၅၃၅.၁၅) သန်း
(၆)	ပရိဘောဂပစ္စည်းများ	-	ကျပ် (၃၆၂.၈၀) သန်း
(၇)	မြေပြုပြင်ခြင်း (Land Improvement)	-	ကျပ် (၄၇၀.၆၅) သန်း
	စုစုပေါင်း	-	ကျပ် (၆၀,၅၄၃.၇၁) သန်း

(ခ) Intangible Assets (Software) - ကျပ် (၄,၁၂၃.၉၉) သန်း

နှစ်အလိုက်ဘဏ်၏အမြတ်ငွေအပေါ် အခွန်ထမ်းဆောင်မှု

၁၄။ ကမ္ဘာ့ရတနာဘဏ်၏ အမြတ်ငွေအပေါ် နိုင်ငံတော်သို့ အခွန်ထမ်းဆောင်မှုအခြေအနေများအား ဘဏ္ဍာနှစ်အလိုက် အောက်ပါ အတိုင်း တင်ပြအပ်ပါသည် -

ကျပ်သန်းပေါင်း




ဘဏ်၏ဘဏ္ဍာနှစ်အလိုက်အပ်ငွေအခြေအနေ

၁၅။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ အပ်နှံငွေအခြေအနေများကို ဂရပ်ဖြင့် ဖော်ပြထားပါသည် -

ဘဏ္ဍာနှစ်အလိုက် အပ်ငွေအခြေအနေပြဂရပ်

ကျပ်သန်းပေါင်း



ကမ္ဘာ့ရတနာဘဏ်၏ ငွေကြေးခိုင်မာမှုအခြေအနေ

၁၆။ ကမ္ဘာ့ရတနာဘဏ်၏ အောက်တွင်ဖော်ပြထားသော ကိန်းဂဏန်း အမျိုးအစားအလိုက် ရာခိုင်နှုန်းအချိုးများကို ကြည့်ခြင်းအားဖြင့် ငွေကြေးအခြေအနေနှင့် ပတ်သက်၍ ခိုင်မာမှုရှိကြောင်း တင်ပြအပ်ပါသည် -

(က)	မတည်ငွေရင်းလုံလောက်မှုအချိုး (Capital Adequacy Ratio)	
	(၁) အနည်းဆုံးအလွှာ(၁)မတည်ငွေရင်းလုံလောက်မှုအချိုး (Tier - 1 Capital Ratio)	၉.၀၃%
	(၂) စုစုပေါင်းမတည်ငွေရင်းလုံလောက်မှုအချိုး (Regulatory Capital Adequacy Ratio)	၁၁.၀၈%
(ခ)	ငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio)	၅၀.၁၂%
(ဂ)	လက်ဝယ်ရှိငွေနှင့် အလားတူပိုင်ဆိုင်ငွေများနှင့် စာရင်းရှင်အပ်ငွေအချိုး (Cash & Cash Equivalent To Demand Deposit Ratio)	၄၆၂.၉၁%
(ဃ)	လက်ဝယ်ရှိငွေနှင့် အလားတူပိုင်ဆိုင်ငွေများနှင့် အချိန်ပိုင်းအပ်ငွေအချိုး (Cash & Cash Equivalent To Time Deposit Ratio)	၆၃.၀၆%
(င)	စုစုပေါင်းချေးငွေနှင့် စုစုပေါင်းအပ်ငွေတို့၏အချိုး (Loans To Deposits Ratio)	၆၇.၇၀%
(စ)	အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုး (Total Shareholders' Equity)	ကျပ် (၁၁၁,၈၃၃.၆၄) သန်း

ရှင်းလင်းချက်

(က)

အမှတ်စဉ်(က)(၁) ရှိ အနည်းဆုံးအလွှာ(၁)မတည်ငွေရင်း လုံလောက်မှုအချိုး (Tier – 1 Capital Ratio) တွင် မတည်ငွေရင်း (ထည့်ဝင်ပြီးမတည်ငွေ + သီးသန့်ရန်ပုံငွေနှင့်အမြတ် - Related Party Lending) စုစုပေါင်း ကျပ် (၅၄,၅၄၄.၉၇) သန်းပေါ်ကို ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်တန်ဖိုး ကျပ် (၆၀၄,၀၉၁.၃၁) သန်းတို့၏ အချိုးကိုတွက်ချက်ခြင်းအားဖြင့် (၉.၀၃%) ရရှိပါသည်။ ထိုအချိုးမှာ အနည်းဆုံး (၄%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့်အချိုး ပြည့်မီပါသည်။ အမှတ်စဉ်(က)(၂)ရှိ စုစုပေါင်းမတည်ငွေရင်း လုံလောက်မှုအချိုး (Regulatory Capital Adequacy Ratio) တွင် (ထည့်ဝင်ပြီးမတည်ငွေ + သီးသန့်ရန်ပုံငွေ + အမြတ် + ချေးငွေဆုံးရှုံးနိုင်ခြေအတွက် အထွေထွေလျာထားခြင်း - Related Party Lending) စုစုပေါင်း ကျပ် (၆၆,၉၀၆.၃၃) သန်းပေါ်ကို ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်တန်ဖိုး ကျပ် (၆၀၄,၀၉၁.၃၁) သန်းတို့၏ အချိုးကို တွက်ချက်ခြင်းအားဖြင့် (၁၁.၀၈%) ရရှိပါသည်။ ထိုအချိုးမှာ အနည်းဆုံး (၈%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့်အချိုး ပြည့်မီပါသည်။

(ခ) အမှတ်စဉ်(ခ)တွင် ၃၁ မတ် ၂၀၂၆ ရှိ ငွေကြေးလွယ်ကူမှုအချိုးသည် ဘဏ်၏ အသားတင်ငွေ ဖြစ်လွယ်သော ရပိုင်ခွင့်များ ကျပ် (၄၁၈,၃၁၈.၇၆) သန်းပေါ်တွင် စုစုပေါင်းပေးရန်တာဝန် မြင့်မားမှုများ ကျပ် (၈၃၄,၆၆၆.၃၇) သန်းတို့၏ အချိုး (၅၀.၁၂%) ဖြစ်၍ ဗဟိုဘဏ်၏ သတ်မှတ်ချက် (၂၀%) ပြည့်မီပါသည်။

(ဂ) အမှတ်စဉ်(ဂ)တွင် လက်ဝယ်ရှိငွေနှင့် အလားတူပိုင်ဆိုင်ငွေကျပ် (၄၁၆,၈၀၀.၃၀) သန်းနှင့် စာရင်းရှင်အပ်ငွေ ကျပ် (၉၀,၀၃၉.၆၀) သန်းတို့ကို တွက်ချက်၍ ရရှိသောအချိုးမှာ (၄၆၂.၉၁%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသော (၁၀%) ပြည့်မီပါသည်။

(ဃ) အမှတ်စဉ်(ဃ)တွင် လက်ဝယ်ရှိငွေနှင့် အလားတူ ပိုင်ဆိုင်ငွေကျပ် (၄၁၆,၈၀၀.၃၀) သန်းနှင့် အချိန်ပိုင်းအပ်ငွေ ကျပ် (၆၆၀,၉၈၂.၈၂) သန်းတို့ကို တွက်ချက်၍ ရရှိသောအချိုးမှာ (၆၃.၀၆%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသော (၁၀%) ပြည့်မီပါသည်။

(င) အမှတ်စဉ်(င)တွင် စုစုပေါင်းချေးငွေကျပ် (၅၀၈,၄၅၉.၈၇) သန်းဖြစ်၍ စုစုပေါင်းအပ်ငွေမှာ ကျပ် (၇၅၁,၀၂၂.၁၂) သန်းဖြစ်သဖြင့် Loans To Deposits Ratio မှာ (၆၇.၇၀%) ရှိပါသည်။

(စ) အမှတ်စဉ်(စ)တွင် အစုရှယ်ယာရှင်များသည် အစုရှယ်ယာတစ်စုအတွက် တန်ဖိုးကျပ် (၁) သောင်း ပိုင်ဆိုင်သဖြင့် ယခုဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော တန်ဖိုးစုစုပေါင်းမှာ ကျပ် (၁၁၁,၈၃၃.၆၄) သန်းဖြစ်သောကြောင့် အစုရှယ်ယာအရေအတွက် (၆,၂၄၃,၆၅၀) ရှိသဖြင့် အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၇,၉၁၁.၅၈) တန်ဖိုးရှိနေပြီး ဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါအမျိုးအစားအလိုက် ရာခိုင်နှုန်းများမှာ သတ်မှတ်ထားသော ရာခိုင်နှုန်းထက် ကျော်လွန်နေပါသဖြင့် ဘဏ်၏ ငွေရေးကြေးရေးအခြေအနေမှာ ခိုင်မာမှုရှိကြောင်း တင်ပြအပ်ပါသည်။


Products and Services

၁၇။ ကမ္ဘာ့ရတနာဘဏ်မှ ဝန်ဆောင်မှုပေးလျက်ရှိသော အပ်ငွေ/ချေးငွေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အပ်ငွေအမျိုးအစားများ

ကမ္ဘာ့ရတနာဘဏ်၏ အဓိကဘဏ်လုပ်ငန်းထုတ်ကုန် Product တစ်မျိုးဖြစ်သည့် Deposit Products (အပ်ငွေစာရင်း) များကို အသုံးပြုသူ Customer များ၏ လိုအပ်ချက်များအပေါ် မူတည်ပြီး Savings Deposit, Call Deposit, Current Deposit, Fixed Deposit စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အခါအားလျော်စွာ အထူးပရိုမိုးရှင်းအစီအစဉ်ဖြင့် ပုံမှန်အတိုးနှုန်းထက်ပိုပေးပြီး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။


Savings Deposit (ငွေစုဘဏ်အပ်ငွေအမျိုးအစားများ)



- ✓ Savings Deposit-Customer
- ✓ Savings Deposit-Other Bank
- ✓ Special Savings Deposit-Customer
- ✓ Special Savings Deposit-Other Bank

Call Deposit (ခေါ်ယူအပ်ငွေစာရင်းများ) နေ့စဉ်အတိုးတွက်ချက်ပေးသည့်စာရင်းများ

- ✓ Call Deposit-Customer
- ✓ Call Deposit-Other Bank
- ✓ Special Call Deposit-Customer
- ✓ Special Call Deposit-Other Bank
- ✓ Anniversary Special Call Deposit Pro-Customer



Current Deposit (စာရင်းရှင်စာရင်းများ)



- ✓ Current Deposit-Customer (MMK)
- ✓ Current Deposit-Customer (FCY)
- ✓ Current Deposit-Other Bank (FCY)
- ✓ Current Deposit-Other Bank
- ✓ Special Current Deposit-Customer

Fixed Deposit (အချိန်ပိုင်းအပ်ငွေစာရင်းများ) အတိုးကြိုယူ

- ✓ Fixed Deposit-Customer
- ✓ Special Fixed Deposit-Customer
- ✓ Fixed Deposit-Other Bank
- ✓ Special Fixed Deposit-Other Bank
- ✓ Anniversary Special Fixed Deposit Pro-Customer
- ✓ Pearl Jubilee Special Fixed Deposit-Customer



(ခ) ချေးငွေအမျိုးအစားများ

ကမ္ဘာ့ရတနာဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲများမှတစ်ဆင့် ဈေးကွက်ထဲသို့ ချေးငွေဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဘဏ်အနေနှင့်ဆောင်ရွက်နေသော ချေးငွေဝန်ဆောင်မှုများကို Corporate နှင့် Consumer ဟူ၍ (၂) ပိုင်း ခွဲခြားပြီး ချေးငွေအမျိုးအစား တစ်ခုချင်းစီကို အောက်ပါအတိုင်း ထုတ်ချေးလျက်ရှိပါသည် -

(၁) စာရင်းပိုထုတ်ချေးငွေ (Overdraft)

ဘဏ်အနေဖြင့် စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းလှည့်လည်သုံးစွဲငွေ (Working Capital) လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်နေသော ငွေချေးယူလိုသည့် သုံးစွဲသူများကို စာရင်းပိုထုတ်ချေးငွေ (Overdraft) အား အခါအားလျော်စွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးပါသည်။

(၂) ကာလသတ်မှတ်ချက်ချေးငွေ (Term Loan)

ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၄ နိုဝင်ဘာ ၂၀၁၇ ပါ ညွှန်ကြားချက်အမှတ် (၇/၂၀၁၇) အရ စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းထပ်မံတိုးချဲ့ရန်နှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် (Term Loan) ချေးငွေကို သက်တမ်း (၁)နှစ်ဖြင့် ထုတ်ချေးပါသည်။

(၃) အာမခံမဲ့ချေးငွေ (Unsecured Loan)

ဘဏ်သည် မေ ၂၀၂၀ မှစ၍ လုပ်ငန်းအသစ်အဖြစ်တိုးချဲ့၍ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် အာမခံမဲ့ ချေးငွေ (Unsecured Loan) လုပ်ငန်းအား ဗဟိုဘဏ်၏ လိုအပ်သလို ပြောင်းလဲပြင်ဆင်သည့် အတိုးနှုန်း ညွှန်ကြားချက်နှင့်အညီ သက်တမ်းကာလ (၁) နှစ်ဖြင့် ထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ ယခင် Term Loan အာမခံပစ္စည်းအပေါ်တွင် ခွင့်ပြုထားသော ချေးငွေအပြင် Customer မှထပ်မံ၍ လုပ်ငန်းတိုးချဲ့ရန်နှင့် အရင်းအနှီးထည့်ဝင်လို၍ လျှောက်ထားလာခြင်းအပေါ် ထပ်မံထုတ်ချေးပေးလျက်ရှိပါသည်။

(၄) စီမံကိန်းချေးငွေ (Project Loan)

ပြည်ထောင်စု (သို့) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော တင်ဒါလုပ်ငန်း များအပေါ် လုပ်ကိုင်ခွင့်ရကုမ္ပဏီများနှင့် ဆောင်ရွက်ခွင့်ရ Customer များအပေါ် ဘဏ်(ရုံးချုပ်)၏ စိစစ် ခွင့်ပြုချက်ဖြင့် စီမံကိန်းချေးငွေ (Project Loan) များကို ချေးငွေဌာန၏ ညွှန်ကြားချက်များ၊ မူဝါဒများချမှတ်၍ ထုတ်ချေးလျက်ရှိပါသည်။

(၅) ပြည်သူ့ဝန်ထမ်းချေးငွေ (Government Staff Loan)

ဘဏ်သည် ဇူလိုင် ၂၀၁၇ တွင် ဘဏ်၏ဝင်ငွေရရှိရေး လုပ်ငန်းတစ်ရပ်ဖြစ်သော ပြည်သူ့ဝန်ထမ်းများ (ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ) အား လစာ၏ (၃) ဆနှုန်းဖြင့် ဘဏ်ခွဲ၊ နယ်မြေများရှိ ပြည်သူ့ဝန်ထမ်းများ (ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ) ကိုထုတ်ချေးခဲ့ပါသည်။

(၆) ဈေးဆိုင်ခန်းချေးငွေ (Market Loan)

ဘဏ်သည် ချေးငွေလုပ်ငန်းအသစ်တစ်ရပ်ဖြစ်သည့် ဈေးဆိုင်ခန်းချေးငွေ Market Loan ကို သက်ဆိုင်သူများအား ဝန်ဆောင်မှုပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပိုင်ဆိုင်မှုတင်ပြနိုင်သည့် ဈေးဆိုင်ခန်းပိုင်ရှင်များ၊ အငှားဈေးဆိုင်ခန်း ဆောင်ရွက်သူများကို စိစစ်၍ ချေးငွေအမျိုးအစားတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇) အငှားဝယ်လုပ်ငန်းချေးငွေ (Hire Purchase)

ကမ္ဘာ့ရတနာဘဏ်မှ အငှားဝယ်စနစ်ချေးငွေလုပ်ငန်းကို မေ ၂၀၁၂ မှစ၍ ပစ္စည်းရောင်းချသည့် ကုမ္ပဏီကြီး (၁၁) ခု နှင့် ချိတ်ဆက်၍ အိမ်စီးကားများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးသုံး စက်ယန္တရားများနှင့် လူနေတိုက်ခန်းများ ဝယ်ယူမှုအတွက် ချေးငွေထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ အိမ်စီးကား များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများ ဝယ်ယူမှုအတွက် အဓိကထုတ်ချေးခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဦးရေ (၁၄၃)၊ အတိုးနှုန်း၊ ဝန်ဆောင်ခများနှင့် အရောင်းကော်မရှင်ခအဖြစ် ဝင်ငွေကျပ် (၅၇.၃၉) သန်း ရရှိပါသည်။

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	ဦးရေ	ဝင်ငွေ			
		Rental Fees	Commission	Service Charges	စုစုပေါင်း
၂၀၂၁-၂၀၂၂	၂၂၆	၉၀.၄၅	၃.၆၆	၂.၂၃	၉၆.၃၄
၂၀၂၂-၂၀၂၃	၁၉၀	၁၉၂.၅၅	၂.၉၄	၄.၈၉	၂၀၀.၃၈
၂၀၂၃-၂၀၂၄	၁၇၃	၁၃၈.၇၄	၀.၈၈	၀.၅၉	၁၄၀.၂၁
၂၀၂၄-၂၀၂၅	၁၅၆	၇၄.၅၁	၂.၁၁	၁.၄၇	၇၈.၀၉
၂၀၂၅-၂၀၂၆	၁၄၃	၅၃.၅၅	၂.၂၆	၁.၅၈	၅၇.၃၉

(၈) အိမ်ရာချေးငွေ (Home Loan)

ဘဏ်သည် ပုံမှန်ဝင်ငွေရှိသူများမှ နေထိုင်ရန် ရည်ရွယ်ချက်ဖြင့် မြေဝယ်ယူရန် (သို့မဟုတ်) မြေနှင့် အဆောက်အဦဝယ်ယူရန် (သို့မဟုတ်) ကွန်ဒို၊ တိုက်ခန်းဝယ်ယူရန်အတွက် လိုအပ်ငွေကို သက်တမ်း (၁၅) နှစ်မှ (၂၅) နှစ်ကာလဖြင့် ချေးငွေထုတ်ချေးပေးသည့် လုပ်ငန်းအား နိဝင်ဘာ ၂၀၂၄ မှစ၍ ညွှန်ကြားချက်များ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၉) ဝန်ထမ်းချေးငွေ (Staff Loan)

ဘဏ်သည် ဘဏ်ဝန်ထမ်းများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ဩဂုတ် ၂၀၂၂ မှစ၍ ဝန်ထမ်းချေးငွေ ထုတ်ချေးလျက်ရှိပါသည်။

(၁၀) Credit Card

နည်းပညာတိုးတက်ပြောင်းလဲလာမှုနှင့်အညီ ပြည်တွင်း၊ ပြည်ပရှိ ATM များတွင် ကတ်ဖြင့် ငွေသားထုတ်ယူခြင်း၊ POS နှင့် Online ငွေပေးချေမှုများ ဆောင်ရွက်ခြင်းတို့အတွက် GTB UnionPay Single Brand Credit Card များကို ထုတ်ပေးခဲ့ပါသည်။

၁၈။ စီးပွားရေးကဏ္ဍအသီးသီးသို့ ငွေကြေးပံ့ပိုးမှုအခြေအနေ

(က) ကမ္ဘာ့ရတနာဘဏ်မှ ဝန်ဆောင်မှုပေးလျက်ရှိသော ချေးငွေအမျိုးအစားအလိုက် ငွေကြေးပံ့ပိုးမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	ချေးငွေ (Term Loan)	စာရင်းပိုထုတ် ချေးငွေ (Overdraft)	အတွားဝယ် စနစ်လုပ်ငန်း	စီမံကိန်း ချေးငွေ	ပြည်သူ့ဝန်ထမ်း ချေးငွေ	ဈေးဆိုင်ခန်း ချေးငွေ (Market Loan)	Home Loan	Credit Card
၂၀၂၁-၂၀၂၂	၃၁၆,၇၉၈.၄၄	၂၁၇,၃၄၀.၇၆	၁၀,၂၇၄.၃၉	၂၄,၁၅၃.၀၀	၁၄,၆၀၇.၂၁	-	-	၇၃.၂၀
၂၀၂၂-၂၀၂၃	၂၇၄,၀၉၇.၈၅	၂၀၈,၉၇၆.၅၇	၈,၃၂၈.၁၂	၄၇,၇၃၆.၄၅	၁၀,၉၃၄.၃၂	၄၈၈.၇၂	-	၇၄.၅၀
၂၀၂၃-၂၀၂၄	၂၆၄,၇၃၄.၀၅	၁၅၈,၈၇၄.၈၅	၇,၃၄၉.၂၇	၈၉,၀၁၄.၃၃	၉,၇၅၁.၇၁	၇၈၄.၂၀	-	၁၃၃.၁၄
၂၀၂၄-၂၀၂၅	၂၆၄,၅၅၄.၈၅	၁၀၈,၃၄၆.၇၀	၆,၉၇၃.၉၄	၁၄၄,၀၁၆.၃၈	၈,၉၅၄.၂၅	၅၅၆.၇၄	၂၄,၄၀၉.၄၁	၇၂.၂၂
၂၀၂၅-၂၀၂၆	၂၇၇,၄၈၇.၀၅	၆၈,၆၀၁.၈၅	၆,၁၈၁.၂၅	၁၂၀,၂၂၁.၃၈	၈,၀၉၂.၀၁	၅၇၈.၈၁	၁၃,၂၅၆.၀၄	၉၀.၂၂

(ခ) ကမ္ဘာ့ရတနာဘဏ်မှ စီးပွားရေးကဏ္ဍအသီးသီးသို့ ငွေကြေးပံ့ပိုးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	စက်မှုလုပ်ငန်း	သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း	ကုန်သွယ်မှု လုပ်ငန်း	ဝန်ဆောင်မှု လုပ်ငန်း	ဆောက်လုပ် ရေးလုပ်ငန်း	သား / ငါး ထုတ်လုပ်မှု လုပ်ငန်း	အထွေထွေ လုပ်ငန်း	စုစုပေါင်း
၂၀၂၁-၂၀၂၂	၂၃၇.၇၉	၁၅,၆၁၂.၁၄	၁၀၅,၈၇၆.၆၆	၁၃၉,၄၅၆.၁၁	၃၃,၆၈၃.၇၀	၂၄၂,၃၅၆.၄၂	၄၆,၀၂၄.၁၈	၅၈၃,၂၄၇.၀၀
၂၀၂၂-၂၀၂၃	၅၁.၆၀	၁၄,၄၂၅.၁၁	၁၁၅,၅၅၉.၇၂	၉၈,၂၄၈.၆၉	၃၂,၇၈၁.၀၅	၂၂၇,၃၅၀.၀၀	၆၂,၂၃၀.၃၇	၅၅၀,၆၃၆.၅၄
၂၀၂၃-၂၀၂၄	၅၁.၆၀	၁၀,၃၀၃.၄၈	၁၄၅,၉၄၀.၉၃	၉၃,၄၇၄.၄၄	၂၉,၆၉၇.၈၄	၁၉၂,၅၁၉.၃၅	၅၈,၆၅၃.၉၁	၅၃၀,၆၄၁.၅၅
၂၀၂၄-၂၀၂၅	-	၃၆,၁၇၈.၅၀	၆၀,၆၉၉.၆၈	၁၈၇,၃၈၂.၃၆	၆၅,၆၁၉.၁၅	၁၉၂,၉၀၁.၆၆	၁၃၄.၈၅	၅၄၂,၉၁၆.၂၀
၂၀၂၅-၂၀၂၆	-	၁၆,၄၁၁.၀၆	၇၄,၈၉၈.၇၂	၁၉၀,၄၆၆.၂၈	၅၆,၈၅၄.၉၅	၁၆၉,၆၇၆.၂၇	၁၅၂.၂၉	၅၀၈,၄၅၉.၅၇


ပြည်တွင်းငွေလွှဲလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၁၉။ ဘဏ်၏ ပြည်တွင်းငွေလွှဲလုပ်ငန်းကို Online Banking System ဖြင့် နာရီပိုင်းအတွင်း လွယ်ကူလျင်မြန် စိတ်ချစွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ မှတ်ပုံတင်ဖြင့်လွှဲသောငွေလွှဲများအား ကန့်သတ်ချက်မရှိ နေ့ချင်းပြီး ထုတ်ပေးကာ ဝန်ဆောင်မှုပေးခြင်း၊ ငွေကြေးအခက်အခဲကာလများတွင်လည်း ငွေလွှဲ Customer များ၏ ငွေသားများကို အပြည့်အဝထုတ်ပေးခြင်း၊ စစ်ဘေးရှောင် Customer များ၏ ငွေသားထုတ်ယူမှုများကိုလည်း မည်သည့်ဒေသ၊ မည်သည့်ဘဏ်တွင်မဆို ငွေသားဖြင့်သော်လည်းကောင်း၊ Account Transfer ဖြင့်သော်လည်းကောင်း ထုတ်ပေးဆောင်ရွက်ခြင်း၊ စီးပွားရေးအချက်အချာကျသော မြို့ကြီးများအပြင် ဝေးလံခေါင်ဖျားသောဒေသများပါမကျန် Customer များအား အဆင်ပြေစွာ ဆောင်ရွက်ပေးမှုအခြေအနေအား အောက်ပါအတိုင်းတင်ပြအပ်ပါသည် -

ဘဏ္ဍာနှစ်အလိုက် လွှဲငွေနှင့် ဝင်ငွေအခြေပြဂရပ်


Remittance

ကျပ်သန်းပေါင်း



Total Income

ကျပ်သန်းပေါင်း



နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းအခြေအနေ

၂၀။ ကမ္ဘာ့ရတနာဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer Licence) ကို ၂၄ ဩဂုတ် ၂၀၁၂ တွင် စတင်ရရှိခဲ့ပါသည်။ ထိုသို့ လိုင်စင်ရရှိခဲ့ပြီးနောက်ပိုင်း ဘဏ်၏ ရေရှည်ခိုင်မာမှုကို ရှေးရှု၍လည်းကောင်း၊ နိုင်ငံခြားငွေစီးဆင်းမှုများ စနစ်တကျရှိစေရေးအတွက် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းများ၊ နိုင်ငံခြားတိုင်းပြည်ရှိဘဏ်များနှင့် ကုန်သွယ်မှုဆိုင်ရာ (Trade) ကိစ္စရပ်များကို အောင်မြင်စွာ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၂၁။ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု (Cross Border Trade) ကိစ္စရပ်များနှင့် ပတ်သက်၍ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များ၏ လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခြင်းနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခြင်းအတွက် ၂၆ အောက်တိုဘာ ၂၀၂၃ တွင် Designated Bank အဖြစ်လည်းကောင်း၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်အသုံးပြုပေးချေဆောင်ရွက်ခြင်းအတွက် ၃၁ ဇူလိုင် ၂၀၂၄ တွင် Designated Bank အဖြစ်လည်းကောင်း ခွင့်ပြုချက်များရရှိပြီးဖြစ်သဖြင့် နိုင်ငံအတွင်းရှိ အခြားဘဏ်များနှင့် ရင်ပေါင်တန်းကာ တစ်နှစ်ထက် တစ်နှစ် ပိုမို တိုးတက်လာစေရန် ရည်ရွယ်လျက် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၂။ ထို့ပြင် နိုင်ငံတကာအဆင့်မီ ပြည်ပဘဏ်များနှင့် ကုန်သွယ်မှုများ ပြုလုပ်ရာတွင် လွယ်ကူချောမွေ့ပြီး စိတ်ချမြန်ဆန်မှုရှိစေရန်အတွက် အဆက်အသွယ်ပြုလုပ်နေသော နိုင်ငံခြားဘဏ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စာရင်းဖွင့်လှစ်ဆောင်ရွက်နေသော နိုင်ငံခြားဘဏ်များမှာ-

(၁) Punjab National Bank (Formerly-United Bank of India)

(၂) Krung Thai Bank (Thailand)

(၃) Kasikorn Bank (Thailand)

(၄) Vietnam Joint Stock Commercial Bank for Industry and Trade (Vietnam) တို့ဖြစ်ပါသည်။

(ခ) Relationship Management Application (RMA) ချိတ်ဆက်ထားသော Correspondent Bank (အဆက်အသွယ်ဘဏ်များ) မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) BIDV (Joint Stock Commercial Bank for Investment and Development of Vietnam)

(၂) ICBC (Industrial and Commercial Bank of China)

(၃) Shinhan Bank (Korea)

(၄) Busan Bank (Korea) တို့နှင့်ချိတ်ဆက်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၂၃။ ယခုအခါ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ရတနာဘဏ်၏ နိုင်ငံခြားဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍအသီးသီးမှ လုပ်ငန်းအမျိုးအစားအလိုက် စုစုပေါင်းဝင်ငွေရရှိမှုအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(ကျပ်သန်းပေါင်း)

No	Particular	Income
1.	**Export/ Import (TT/LC)**	၄၉၁.၄၁
2.	**Trade Finance**	
	- Interest	၂,၆၀၀.၉၇
	- Repayment	၁,၉၁၀.၈၅
3.	**Western Union (Inbound)**	၃၆၈.၃၂
4.	**Guarantee**	၁.၀၇
5.	**Money Changer**	
	- Buying & Selling	၈.၉၉
	Total Income	၅,၃၈၁.၆၁

၂၄။ ကမ္ဘာ့ရတနာဘဏ်သည် ပြည်ပရောက် မြန်မာနိုင်ငံသား အလုပ်သမားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ငွေလွှဲရန် လိုအပ်သော Customer များအားလုံး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်သည့် Western Union (WU) ဖြင့် အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် နိုင်ငံပေါင်း (၂၀၀) ကျော်နှင့် ချိတ်ဆက်၍ ကမ္ဘာ့အနှံ့အပြားမှ မြန်မာနိုင်ငံသို့ လုံခြုံစိတ်ချရပြီး အမြန်ဆုံးနှုန်းထားဖြင့် ငွေလွှဲလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိရာ Customer များအကြား ထူးခြားကောင်းမွန်သော အကျိုးကျေးဇူးများနှင့် အားကိုးယုံကြည်မှုများကို ရရှိထားပြီးဖြစ်ပါသည်။ ရှေ့ဆက်၍လည်း ဘဏ်၏ အဆင့်အတန်းနှင့် ဝန်ဆောင်မှုအရည်အသွေးများကို ပိုမိုမြှင့်တင်ကာ နိုင်ငံခြားဘဏ်လုပ်ငန်းကဏ္ဍတွင် အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်မှုအခြေအနေ

၂၅။ ကမ္ဘာ့ရတနာဘဏ်သည် ပြင်ဆင်ပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော ဘဏ်ခွဲများရှိနေသော်လည်း ၁ ဇူလိုင် ၂၀၂၅ မှ ၃၁ မတ် ၂၀၂၆ အထိ ဘဏ်ခွဲအသစ် ဖွင့်လှစ်မှုမရှိ၊ ဖွင့်လှစ်ပြီး ဘဏ်ခွဲ (၁၇၇) ဘဏ်အနက် နယ်မြေဒေသအခြေအနေနှင့် လုံခြုံရေး အခြေအနေအရ စုစုပေါင်းဘဏ်ခွဲ (၁၄၃) ဘဏ်သာ လုပ်ငန်းလုပ်နိုင်ပြီး လုပ်ငန်းမလုပ်နိုင်၍ ပိတ်ထားရသည့် ဘဏ်ခွဲ (၃၄) ဘဏ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	တိုင်းဒေသကြီး	ခွင့်ပြု ဘဏ်ခွဲကြီး	ခွင့်ပြု ဘဏ်ခွဲငယ်	ခေတ္တပိတ်ထား သောဘဏ်ခွဲ	ဘဏ်ခွဲအမည်
၁	ရန်ကုန်တိုင်းဒေသကြီး	၃၉	-	-	ဘုရင့်နောင်မိနီဘဏ်ခွဲအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၀.၇.၂၀၂၃) ရက်စွဲပါ စာအမှတ်-မဗဘ/ဘဏ်စိစစ်/ဘဏ်ခွဲ (၉၉/၂၀၂၃)အရပိတ်သိမ်းခွင့်ပြု
၂	မန္တလေးတိုင်းဒေသကြီး	၁၅	-	-	-
၃	စစ်ကိုင်းတိုင်းဒေသကြီး	၁၄	-	၈	တမူးဘဏ်ခွဲ၊ ပင်လည်ဘူးဘဏ်ခွဲ၊ မုံရွာ(၃)ဘဏ်ခွဲ၊ ကောလင်းဘဏ်ခွဲ၊ ကသာဘဏ်ခွဲ၊ ထီးချိုင့်ဘဏ်ခွဲ၊ ကျွန်းလှဘဏ်ခွဲ၊ ကလေးဝဘဏ်ခွဲ
၄	ရှမ်းပြည်နယ်	၇	-	၃	ကျောက်မဲဘဏ်ခွဲ၊ မူဆယ်ဘဏ်ခွဲ၊ လားရှိုးဘဏ်ခွဲ
၅	မကွေးတိုင်းဒေသကြီး	၁၃	-	၁	မြိုင်ဘဏ်ခွဲ
၆	ကရင်ပြည်နယ်	၅	၁	၁	ကြာအင်းဆိပ်ကြီးဘဏ်ခွဲ
၇	နေပြည်တော်	၄	၃	-	-
၈	ကယားပြည်နယ်	၁	-	-	-
၉	ဧရာဝတီတိုင်းဒေသကြီး	၁၆	-	-	-
၁၀	ပဲခူးတိုင်းဒေသကြီး	၁၅	-	-	-
၁၁	တနင်္သာရီတိုင်းဒေသကြီး	၁၂	-	၅	ပလဘဏ်ခွဲ၊ ပုလောဘဏ်ခွဲ၊ ကလိန်အောင်ဘဏ်ခွဲ၊ သရက်ချောင်းဘဏ်ခွဲ၊ မောင်းမကန်ဘဏ်ခွဲ
၁၂	ရခိုင်ပြည်နယ်	၁၄	၂	၁၄	ကမ်းထောင်းကြီးဘဏ်ခွဲ၊ တပ်တောင်ဘဏ်ခွဲ၊ မင်းပြားဘဏ်ခွဲ၊ ပုဏ္ဏားကျွန်းဘဏ်ခွဲ၊ မြောက်ဦးဘဏ်ခွဲ၊ ကျောက်တော်ဘဏ်ခွဲ၊ မောင်တောဘဏ်ခွဲ၊ စစ်တွေဘဏ်ခွဲ၊ အမ်းဘဏ်ခွဲ၊ သံတွဲဘဏ်ခွဲ၊ ဂျိတ္တောဘဏ်ခွဲ၊ သံတွဲ (မီနီ) ဘဏ်ခွဲ၊ တောင်ကုတ်ဘဏ်ခွဲ၊ ကျောက်ဖြူဘဏ်ခွဲ
၁၃	မွန်ပြည်နယ်	၁၅	၁	၂	ကျိုက်မရောဘဏ်ခွဲ၊ အစင်ဘဏ်ခွဲ
	စုစုပေါင်း	၁၇၀	၇	၃၄	-

နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၆။ ကမ္ဘာ့ရတနာဘဏ်၏ Department of Information & Technology သည် ရုံးချုပ်ဌာနများနှင့် လက်အောက်ခံဘဏ်ခွဲများအားလုံး Banking System ကောင်းမွန်စွာ အသုံးပြုနိုင်ရန်နှင့် Customer ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ Admin Team, Software Team, Network Team, Hardware Team & Database Team များအလိုက် ဌာနလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၇။ Software Team သည် မြန်မာနိုင်ငံတော်ပဟိုဘဏ် Software Team ၏ ကြီးကြပ်မှုနှင့်အညီ CBM MIS Report System & CBM Net System များ၏ Software ဆိုင်ရာ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဘဏ်ခွဲ User များ Core Banking System ကျွမ်းကျင်မှုကန်စွာ အသုံးပြုနိုင်စေရန် User Guide များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်း၊ ဌာန/ဘဏ်ခွဲများမှ ဆက်သွယ်လာသော Banking User များ၏ Transaction Issue & Error များအား အသေးစိတ်ရှင်းပြ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဘဏ်၏ လုပ်ငန်းလိုအပ်ချက်အလိုက် System Upgrade ဆောင်ရွက်ခြင်းများ နေ့စဉ်လုပ်ဆောင်လျက်ရှိပါသည်။


၂၈။ Network Team သည် မြန်မာနိုင်ငံတော်ပဟိုဘဏ် Network Team ၏ ကြီးကြပ်မှုနှင့်အညီ CBM Network လိုင်းအသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊ Security ဆိုင်ရာများ လိုက်နာဆောင်ရွက်ခြင်း၊ ဌာန/ဘဏ်ခွဲများရှိ Network Router & Switch Device များ System Upgrade ဆောင်ရွက်ခြင်း၊ Security Alert စောင့်ကြည့်စစ်ဆေးခြင်း၊ DC Connection ပြတ်တောက်မှု Issue & Error များအား သက်ဆိုင်ရာ ဌာန/ဘဏ်ခွဲအလိုက် စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ Hardware Team သည် ဌာန/ဘဏ်ခွဲများ အသုံးပြုလျက်ရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းပျက်စီးမှုများ ပြုပြင်ဆောင်ရွက်ပေးခြင်း၊ အသစ်ဝယ်ယူတပ်ဆင်ပေးခြင်းများအား ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

Channel Banking လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၉။ ကမ္ဘာ့ရတနာဘဏ်မှ ထုတ်ဝေလျက်ရှိသော GTB UnionPay Single Brand Credit Card သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၈၁ နိုင်ငံတွင် အသုံးပြုနိုင်ပြီး အရည်အသွေးမြင့် လုံခြုံမှုရှိသော နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများကို ဆောင်ရွက်နိုင်သည့် EMV Compliance Card အမျိုးအစား ဖြစ်ပါသည်။



၃၀။ ကမ္ဘာ့ရတနာဘဏ်တွင် ငွေစုဘဏ်စာရင်း (တစ်ဦးချင်း)၊ စာရင်းရှင်စာရင်း (တစ်ဦးချင်း)နှင့် ခေါ်ယူအပ်ငွေစာရင်း (တစ်ဦးချင်း) ဖွင့်လှစ်ထားသူများသည် eBanking ဝန်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုရယူနိုင်ပြီ ဖြစ်ပါသည်။



၃၁။ အများပြည်သူ၏ ငွေပေးချေမှုစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ငွေသားကိုင်တွယ်သုံးစွဲမှုများ လျော့ချရန်၊ ဒီဂျစ်တယ်လ် ငွေရေးကြေးရေးဆောင်ရွက်ချက်များ များပြားစေရန်နှင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရန် GTB Pay, GTB Agent, GTB Merchant လုပ်ငန်းများအပြင် MyanmarPay (MMQR) လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ၃၁ မတ် ၂၀၂၆ အထိ GTB Pay User (၂၇,၁၅၀) ဦး၊ GTB Agent User (၁၇၆) ဦး နှင့် GTB Merchant User (၄,၆၇၀) ဦး ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အခြားပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာ့ရွှေ့ပြောင်း လုပ်သားများ မြန်မာနိုင်ငံရှိ မိသားစုဝင်များသို့ ငွေလွှဲပို့ရာတွင် အဆင်ပြေစေရန်အတွက် True Money နှင့် GTB Pay အသုံးပြု၍ International Remittance လုပ်ငန်းများအား ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ထို့ပြင် ၁ ဇူလိုင် ၂၀၂၆ မှစ၍ MyanmarPay (MMQR) များတွင် GTB Pay ဖြင့်သုံးစွဲနိုင်ပြီ ဖြစ်ပါသည်။

၃၃။ ဆက်လက်၍ တိုးတက်လာသော နည်းပညာပြောင်းလဲမှုနှင့်အညီ အများပြည်သူသို့ လွယ်ကူပြီး စိတ်ချရသော ဝန်ဆောင်မှုပေးရာတွင် ဒီဂျစ်တယ်လ်ဘဏ်လုပ်ငန်းစနစ် လုံခြုံမှုရှိစေရန်အတွက် ဆိုက်ဘာလုံခြုံရေးအစီအမံများကို တိုးမြှင့် ဆောင်ရွက်ခြင်း၊ Vulnerability Assessment & Penetration Test (VAPT) များကို ဆောင်ရွက်ခြင်း၊ စနစ်သို့ဝင်ရောက်သည့် Access Right များကို စနစ်တကျ ကန့်သတ်ထိန်းချုပ်ခြင်း၊ System Log များကို ၂၄/၇ စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၃၄။ ကမ္ဘာ့ရတနာဘဏ်၊ ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit Department) သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ သီးခြားလွတ်လပ်သော ဒါရိုက်တာမှ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော စာရင်းစစ်ကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ရုံးချုပ်ဌာနများနှင့် ဘဏ်ခွဲများ၏ နေ့စဉ်စာရင်းပိတ်လုပ်ငန်းများ၊ လချုပ်စာရင်းများ၊ ချေငွေလုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများ၊ စာရင်းပိုင်းဆိုင်ရာ လုပ်ငန်းများနှင့် ငွေကြေးပိုင်းဆိုင်ရာလုပ်ငန်းများအား စာရင်းစစ်ကော်မတီ၏ လမ်းညွှန်မှု၊ ညွှန်ကြားမှုများကို ခံယူ၍ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ သီးခြားလွတ်လပ်သော ဒါရိုက်တာ ဒေါ်ခင်ဇော်ဝင်းမှ ၂၅ အောက်တိုဘာ ၂၀၂၅ တွင် Insight on IFRS-9 Expected Credit Loss (ECL) Calculation For Banking Industry ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၄ ဇန်နဝါရီ ၂၀၂၆ တွင် ECL Calculation Process For Banking Industry ခေါင်းစဉ်ဖြင့်လည်းကောင်း ကမ္ဘာ့ရတနာဘဏ်မှ အရာထမ်း၊ အမှုထမ်းများအား IFRS (International Financial Reporting Standard) များနှင့် ပတ်သက်၍ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် သင်ကြားပို့ချခဲ့ရာ အင်အား (၂,၀၀၀) ကျော် တက်ရောက်သင်ကြားခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲများအနေဖြင့် ဘဏ်လုပ်ငန်းများကို Internal Control ကောင်းမွန်မှု၊ Risk Management ဆောင်ရွက်ထားရှိမှု၊ မူဝါဒနှင့် ညွှန်ကြားချက်များကို Compliance ဖြစ်ခြင်းနှင့် Governance (စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်) ရှိခြင်းတို့ကို အခြေခံ၍ On Site နှင့် Off Site စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့စစ်ဆေးရာတွင် Customer များ စာရင်းအသစ် ဖွင့်လှစ်သည့်အခါ KYC, CDD လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်ထားမှု၊ AML/CFT လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Compliance Department တို့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိမှု၊ ချေငွေထုတ်ချေမှုနှင့်စပ်လျဉ်း၍ အာမခံပေးအပ်ထားသည့် စာချုပ်စာတမ်းများနှင့် ဘဏ်နှင့်ချုပ်ဆိုရမည့် ချေငွေဆိုင်ရာစာချုပ်စာတမ်းများနှင့် ပေးဆပ်ရန်ပျက်ကွက်သည့် ချေငွေစာရင်းများအပေါ် ပျက်ကွက်သည့် ကာလအလိုက်အဆင့်သတ်မှတ်၍ အရေးယူဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးခဲ့ပါသည်။ ငွေကြေးဌာနလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးမှတ်တမ်းများနှင့် ဘဏ်ခွဲ၏ ငွေသားလက်ကျန်ကိုက်ညီမှုတို့ကို စစ်ဆေးခဲ့ပါသည်။

၃၅။ ဘဏ်ခွဲများအား စစ်ဆေးခဲ့သည့်တွေ့ရှိချက်၊ လိုအပ်ချက်များအား သက်ဆိုင်ရာလုပ်ငန်းဌာနကြီးမှူးများနှင့် ဆွေးနွေးညှိနှိုင်း၍ ဘဏ်ခွဲများအား ပြင်ဆင်စေပြီး စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား စာရင်းစစ်ကော်မတီသို့တင်ပြ၍ စာရင်းစစ်ကော်မတီမှတစ်ဆင့် ဒါရိုက်တာအဖွဲ့သို့ ဆက်လက်တင်ပြလျက် ရှိပါသည်။ နောင်လာမည့်ဘဏ္ဍာနှစ်အတွက် ရုံးချုပ်ဌာနများနှင့် ဘဏ်ခွဲများအား စစ်ဆေးရန်အတွက် Audit Plan အား စာရင်းစစ်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ရေးဆွဲထားပြီး၊ ရုံးချုပ်မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသော စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှုများကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါသည်။

ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ပေးခြင်းအခြေအနေ

၃၆။ ကမ္ဘာ့ရတနာဘဏ်၏ အနာဂတ်လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအတိုင်းရည်မှန်းချက်များကို ချမှတ်ထားရှိပါသည် -

(က) ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ကျွမ်းကျင်မှုရှိပြီး ကျင့်ဝတ်စည်းကမ်းများ လိုက်နာစောင့်ထိန်းရန်၊

(ခ) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်၊ အသိပညာ၊ အရည်အသွေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေပြီး အရည်အချင်းမြှင့်တင်ရန်၊

(ဂ) ခေတ်နှင့်လျော်ညီသော နည်းပညာရပ်များ တတ်ကျွမ်းစေရန်၊

(ဃ) ဝန်ထမ်းများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကျေနပ်မှုဖြင့် ဘဏ်၏ အောင်မြင်မှုကို ပံ့ပိုးရန်၊

၃၇။ ကမ္ဘာ့ရတနာဘဏ်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအင်အား ဖွဲ့စည်းမှုကို (၂,၃၄၁) ဦး မှ (၂,၂၂၄) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယခုဘဏ္ဍာနှစ်တွင် တာဝန်ထမ်းဆောင်သော အမျိုးသား၊ အမျိုးသမီးအင်အားမှာ အမျိုးသားဝန်ထမ်း (၁,၁၂၃) ဦး၊ အမျိုးသမီးဝန်ထမ်း (၁,၁၀၁) ဦးဖြစ်၍ (၅၀း၅၀) အချိုးဖြစ်ပါသည်။ အသက်အရွယ်အလိုက် ဝန်ထမ်းအင်အားမှာ -

(က)	အသက်(၃၀)အောက်	၃၅%
(ခ)	အသက်(၃၀) နှင့် (၄၀) ကြား	၃၄%
(ဂ)	အသက်(၄၀) နှင့် (၅၀) ကြား	၁၈%
(ဃ)	အသက်(၅၀) နှင့် (၆၀) ကြား	၉%
(င)	အသက်(၆၀) နှင့် (၆၅) ကြား	၂%
(စ)	အသက်(၆၅)အထက်	၂%

ဖြစ်ပြီး အနာဂတ်ကာလတွင် ဘဏ်လုပ်ငန်းများကို လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် အင်အားအချိုးဖြစ်ပါသည်။

၃၈။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်ပြီး ကျင့်ဝတ်လိုက်နာ၍ လုပ်ငန်းခွင်အတွင်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လုပ်ငန်းဝန်ဆောင်မှုများ ပေးနိုင်စေရန် ရည်ရွယ်၍ ဘဏ်တွင်းသင်တန်းကျောင်းဖွင့်လှစ်ပြီး နှစ်စဉ်သင်တန်းများပို့ချခြင်း၊ ပြင်ပသင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၃၉။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဘဏ်တွင်းသင်တန်းများဖြစ်သော IT နည်းပညာပိုင်းဆိုင်ရာ သင်တန်းများ၊ GTB Pay ၊ GTB Merchant ၊ Digital Banking Awareness Training ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်ဆိုင်ရာသင်တန်းများဖြစ်သော AML/CFT သင်တန်းများကို ပို့ချခဲ့ပါသည်။

၄၀။ ပြင်ပသင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များဖြစ်သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းမှ ဖွင့်လှစ်သည့် Business Ethics For Bankers, Customer Services, Credit Risk Management, Internal Audit & Internal Control, Compliance Basic Course, Fraud Risk Management, Diploma in Banking, General Banking သင်တန်းများ၊ ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်သည့် LLB, B.A Law, Diploma in Business Law, Diploma in International Law, Diploma in Intellectual Property Law, Diploma in Applied Psychology သင်တန်းများ၊ စီးပွားရေးတက္ကသိုလ်မှဖွင့်လှစ်သည့် Master of Banking & Finance, Master of Business Administration, Master of Public Administration သင်တန်းများ၊ သံတမန်ရေးရာဆိုင်ရာ ဘွဲ့လွန်သင်တန်းများကို တက်ရောက်ခွင့်ပြုခဲ့ပါသည်။

၄၁။ ကမ္ဘာ့ရတနာဘဏ်၏ ဝန်ထမ်းများသည် မိမိတို့၏ အလုပ်တာဝန်ဝတ္တရားများကို စိတ်အားထက်သန်စွာ စွမ်းဆောင်ရည်ပြည့်နှင့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာပြီး အဖွဲ့အစည်းအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နိုင်စေရန်၊ ဝန်ထမ်းများ၏ စိတ်ကျေနပ်မှုနှင့် လုပ်ငန်းခွင်တည်ငြိမ်မှု၊ အလုပ်လုပ်ကိုင်လိုစိတ်ကို မြှင့်တင်စေရန်အတွက် ရည်ရွယ်၍ လုပ်ခလစာနှင့် ခံစားခွင့်နှုန်းထားများကို သက်ဆိုင်ရာကာလနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ချိန်ပြင့်ပေးအပ်ခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် ပညာရပ်ဆိုင်ရာခံစားခွင့်များ ချီးမြှင့်ခြင်း၊ လုပ်ငန်းကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုအလိုက် ခံစားခွင့်များချီးမြှင့်ခြင်း၊ ဒေသဆိုင်ရာ ရှားပါးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ထောက်ပံ့စရိတ်များ၊ ခရီးစရိတ်များ၊ စားသောက်စရိတ်များ ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းများ၏ ကျန်းမာရေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းစရိတ်များ ထောက်ပံ့ပေးခြင်း၊ ပညာရေးထူးချွန်ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သားသမီးများကို ပညာရေးထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးပြီး ငွေကြေးပမာဏနည်းပါးစွာဖြင့် နေထိုင်ခွင့်ပေးခြင်း၊ လစဉ်ဘဏ်ခွဲအလိုက် လူပုဂ္ဂိုလ်အလိုက် လုပ်ငန်းစွမ်းဆောင်ရည်ပေါ် မူတည်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်း၊ အခါအားလျော်စွာ ဆုကြေးငွေ၊ ထောက်ပံ့ငွေအမျိုးမျိုးအား ချီးမြှင့်ပေးခြင်း၊ ဝန်ထမ်းများအတွက် ဝန်ထမ်းချေးငွေများ ထုတ်ချေးပေးခြင်း၊ ဝန်ထမ်းများ၏သာရေး၊ နာရေးအတွက် လူမှုသက်သာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

အာမခံကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်မှုအခြေအနေ

၄၂။ ကမ္ဘာ့ရတနာဘဏ်အနေဖြင့် ဇွန် ၂၀၂၀ မှစ၍ ပြင်ပအာမခံကုမ္ပဏီ (၃) ခုဖြစ်သော GGI ၊ YI & YIL ၊ CTLI (Life) တို့နှင့် ချိတ်ဆက်ပြီး အာမခံလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဘဏ်ချေးငွေလုပ်ငန်းနှင့်ပတ်သက်သော အာမခံလုပ်ငန်းများကို ရုံးချုပ်(ချေးငွေဌာန)မှ တာဝန်ယူဆောင်ရွက်ပြီး ဘဏ်ချေးငွေလုပ်ငန်းနှင့် မသက်ဆိုင်သော အာမခံလုပ်ငန်းများ၊ အာမခံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ရုံးချုပ် (ဥပဒေရေးရာဌာန) မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၉ ဇန်နဝါရီ ၂၀၁၇ မှစတင်၍ မြန်မာ့အာမခံလုပ်ငန်းနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အာမခံကိုယ်စားလှယ်သင်တန်း တက်ရောက်ခန့်အပ်ထားသည့် ဘဏ်ဝန်ထမ်း အာမခံကိုယ်စားလှယ် (၅၅) ဦးသည် Agent များအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

AML/CFT ဆောင်ရွက်မှုအခြေအနေ

၄၃။ ကမ္ဘာ့ရတနာဘဏ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့စသည့် အဖွဲ့အစည်းများနှင့်ဆက်စပ်၍ လုပ်ငန်းတာဝန်များအား အောက်ဖော်ပြပါ ဥပဒေများ၊ Guidelines ၊ Instruction များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည် -

(က) AML/CFT Laws

(၁) The Control of Money Laundering Law of Myanmar 2002/ Rules 2003

(၂) The Anti-Money Laundering Law of Myanmar 2014/ Rules 2015

(၃) The Counter Terrorism Law 2014

(၄) The Anti-Corruption Law 2013

(၅) The Anti-Money Laundering of Myanmar 2026

(ခ) Financial Laws

(၁) The Central Bank of Myanmar Law 1990/ 2013

(၂) The Financial Institutions Law of Myanmar 1990/ 2016

(၃) Foreign Exchange Management Law 2012

(၈) Guidelines and Instructions

(၁) Instruction of AML/CFT No. 2/2002, No. 1/2004, No. 22/2004, 7/2006, 61/2009, 8/2010 by CBM

(၂) AML/CFT Risk Based Management Guidance Note 27-1-2015 by CBM

(၃) Effective Implementation of CDD Directive by CBM September 2016

(၄) Description of AML/CFT Programme 22-12-2016 by CBM

(၅) Anti-Money Laundering Order No. 45/2019, 14-1-2019 by Office of the President of the Union of Myanmar

(၆) Directive No.18/2019 for the CDD Measures 15-11-2019 by CBM

(၇) Guideline on Risk Management Practices of Banks 20-11-2020 by CBM

(၈) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ယာယီတားဆီးထားခြင်း၊ အထောက်အထားများပေးပို့ခြင်းများကို အောက်ပါ ဌာနများအလိုက် ပေးပို့ဆောင်ရွက်ခဲ့ပါသည် -

စဉ်	ဌာနဆိုင်ရာအမည်များ	ယာယီတားဆီး/အထောက်အထား ပေးပို့စာရင်းအရေအတွက်
(၁)	ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့	၃၂
(၂)	ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့	-
(၃)	မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့	၃၇
(၄)	ပြည်ထဲရေးဝန်ကြီးဌာန	၁၁
(၅)	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	-
(၆)	အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်	-
(၇)	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၃
(၈)	Online မှတစ်ဆင့် တရားမဝင်ငွေကြေးလိမ်လည်မှု စုံစမ်းဖော်ထုတ်ရေးဌာန	၆
(၉)	ဘဏ္ဍာရေးနှင့်အခွန်ဦးစီးဌာန	၁
	စုစုပေါင်း	၉၀

(၉) အထက်ပါ ယာယီတားဆီးထားခြင်းနှင့် အထောက်အထားများ ပေးပို့ခြင်းများအပြင် ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) သို့ သတ်မှတ်ငွေပမာဏနှင့်အထက် ငွေကြေး လွှဲပြောင်းမှု သတင်းပို့ချက် အကြိမ်ရေ (၁၃,၂၉၆) ပေးပို့ခဲ့ပါသည်။

၄၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC) ၏ ကော်မရှင်အဖွဲ့ဝင်နှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (AML/CFT) ၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းသိန်း ဦးစီးပြီး မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဒုတိယခေါင်းဆောင် ရဲမှူးကြီးမြင့်စိုး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဒေါ်ဇာဇာမိုး (ညွှန်ကြားရေးမှူး)တို့ ပို့ချသော **ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ**အား ကမ္ဘာ့ရတနာဘဏ်မှ အမှုဆောင်အရာရှိချုပ် ဦးဆောင်၍ စီမံခန့်ခွဲရေးဆိုင်ရာအရာရှိကြီးများ၊ ဘဏ်အရာထမ်း၊ အမှုထမ်းအင်အား (၁,၀၀၀) ကျော် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။

၄၅။ Compliance Department အနေဖြင့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော သင်တန်းများ ပြုလုပ်ပေးခြင်းအပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ AML/CFT Guideline လမ်းညွှန်ချက်များအရ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဘဏ်များမှ သတ်မှတ်ပမာဏနှင့်အထက် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပေးပို့ချက်များ (CTR) ၊ သံသယဖြစ်ဖွယ် သတင်းပေးပို့ချက်များ (STR) ပိုမိုရှာဖွေဖော်ထုတ် သတင်းပေးပို့နိုင်စေရေး၊ ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ် ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် Chief Risk Officer နှင့် Chief Compliance Officer ၊ Compliance Officer အပါအဝင် အရာထမ်း၊ ဝန်ထမ်းများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းမှ ကြီးမှူးပြုလုပ်သော ဆွေးနွေးပွဲများ၊ Workshop များ၊ Seminar များနှင့် အောက်ပါသင်တန်းများကို တက်ရောက်စေခဲ့ပါသည် -

(က) Compliance Basic Course

(ခ) Compliance Certificate Level (2)

(ဂ) Fraud Risk Management

၄၆။ မြန်မာနိုင်ငံဘဏ်များအသင်းမှ ပြုလုပ်သောသင်တန်းများအား သင်တန်းတက်ရောက်ပြီးသည့် သင်တန်းသားများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရုံးချုပ်၊ လူစွမ်းအားအရင်းအမြစ်ဌာန အစီအစဉ်ဖြင့် ပြုလုပ်သော အောက်ပါသင်တန်းများနှင့် ဆွေးနွေးပွဲများအား ဘဏ်အရာထမ်း၊ အမှုထမ်းများသို့ ပြန်လည်မျှဝေ သင်တန်းပို့ချခဲ့ပါသည် -

(က) အကြီးတန်းမန်နေဂျာစီမံခန့်ခွဲမှုသင်တန်း

(ခ) ရာထူးတိုးမြှင့်ရေးသင်တန်းများ

(ဂ) AML/CFT ဆိုင်ရာ ဗဟုသုတသင်တန်း (Zoom Meeting)

(ဃ) Risk Assessment Awareness သင်တန်း (Zoom Meeting)

(င) နိုင်ငံသားဆိုင်ရာမြို့နယ်သင်္ကေတ အချက်အလက်ပြင်ဆင်မှုဆိုင်ရာ သင်တန်းဆွေးနွေးပွဲ (Zoom Meeting)

၄၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များအရ နိုင်ငံသားဆိုင်ရာမြို့နယ်သင်္ကေတ အချက်အလက်များ ပြောင်းလဲပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံသားဆိုင်ရာမြို့နယ်သင်္ကေတ အချက်အလက် ပြင်ဆင်မှုဆိုင်ရာသင်တန်းဆွေးနွေးပွဲအား ၂၀ မေ ၂၀၂၆ တွင် ကမ္ဘာ့ရတနာဘဏ် ဘဏ်ခွဲများအားလုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၄၈။ ကမ္ဘာ့ရတနာဘဏ်အနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရတနာနှလုံးသားလူမှုအကျိုးပြုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပြီး အောက်ပါရည်မှန်းချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည် -

(က) ကျန်းမာရေးနှင့်ပတ်သက်၍ မရှိဆင်းရဲဝေဒနာရှင်များအား ဆေးဝါး အစားအသောက်နှင့် လိုအပ်သည်များ သွားရောက် ပံ့ပိုးဖြည့်ဆည်းပေးသွားရန်။

(ခ) အနာဂတ်လူငယ်များ၏ ပညာရေး၊ ဘက်စုံထူးချွန်ရေးအတွက် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းသွားရန်။

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်ခံစားမှုရှိပါက သက်ဆိုင်ရာဒေသသို့အရောက် လိုအပ်ချက်များ ပံ့ပိုးကူညီဖြည့်ဆည်း၍ လှူဒါန်းသွားရန်။

(ဃ) အမှီအခိုကင်းမဲ့သည့် သက်ကြီးရွယ်အိုများအား စားဝတ်နေရေး၊ ကျန်းမာရေးမှအစ လိုအပ်ချက်များ ဖြည့်ဆည်းကူညီစောင့်ရှောက်မှုပေးသွားရန် တို့ဖြစ်ပါသည်။

၄၉။ သို့ဖြစ်ပါ၍ မိမိတို့ဝန်ထမ်းများသည် ရရှိသောလစာငွေမှ လစဉ်တစ်ဦးလျှင် အနည်းဆုံး ငွေကျပ် (၃,၀၀၀) ထည့်ဝင်လှူဒါန်းစုဆောင်း၍ ဖော်ပြပါရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁ ဇူလိုင် ၂၀၂၅ မှ ၃၁ မတ် ၂၀၂၆ အထိ လှူဒါန်းငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အကြောင်းအရာ	အကြိမ်	လှူဒါန်းငွေ(ကျပ်)
၁	ဆေးကုသမှုစရိတ်ထောက်ပံ့ခြင်း	၅၇	၄၃,၃၀၅,၀၀၀
၂	သာသနာရေးနှင့် ပတ်သက်၍ လှူဒါန်းခြင်း	၁၇	၁၂,၆၅၆,၄၅၀
၃	ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းခြင်း	၉	၅၀,၇၃၃,၆၀၀
	စုစုပေါင်းလှူဒါန်းမှု	၈၃	၁၀၆,၆၈၅,၀၅၀

(၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ရှေ့လုပ်ငန်းစဉ်များ

၅၀။ (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁ ကမ္ဘာ့ရတနာဘဏ် ရေရှည်ဖွံ့ဖြိုးတိုးတက် နိုင်မာစေရေးအတွက် ဒါရိုက်တာအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုကော်မတီများက စနစ်တကျ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ရန်၊

၂ စီမံခန့်ခွဲမှုကော်မတီများက ချမှတ်ထားသော မူဝါဒများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

၃ အပ်ငွေ၊ ချေးငွေဝန်ဆောင်မှု ပမာဏတိုးပွားရေး ဘဏ်ခွဲအလိုက် တာဝန်ပေးဆောင်ရွက်ရန်၊

၄ အရည်အသွေး ပြည့်ဝခိုင်မာသော ချေးငွေများထုတ်ချေးနိုင်ရန် သတ်မှတ်ထားသော မူဝါဒ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲခြင်း၊ ဆုံးရှုံးနိုင်ခြေများ အကဲဖြတ်သုံးသပ်ခြင်းများဖြင့် စနစ်တကျ လိုက်နာဆောင်ရွက်ရန်နှင့် NPL လျော့နည်းကျဆင်းရေးကို အချိန်ကာလ သတ်မှတ်၍ သတ်မှတ်ကာလအတွင်း အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၅ နိုင်ငံတော်၏ မူဝါဒများမှ မသွေဖည်ဘဲ နိုင်ငံ၏အကျိုးစီးပွားအတွက် အထောက်အကူဖြစ်စေရေး ရည်မှန်းချက်ဖြင့် နိုင်ငံခြားဘဏ်လုပ်ငန်းဌာနမှ ကြိုးစားဆောင်ရွက်သွားရန်၊

၆ ဘဏ်လုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်မည့် Core Banking System ဖြစ်စေရေး အလေးထားဆောင်ရွက်ပြီး Cyber Security ကို တိုးမြှင့်ဆောင်ရွက်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး စီစဉ် ဆောင်ရွက်သွားရန်၊

၇	Card စနစ်များသာမက Mobile Banking, eBanking & Online GTB Pay အပါအဝင် Pay System ကဲ့သို့ ဝန်ဆောင်မှုများကို လုံခြုံမှုရှိရှိနှင့် အဆင့်အတန်းမီမီ ဆောင်ရွက်နိုင်ရေး လိုအပ်သော လုပ်ငန်းစဉ်များအလိုက် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်မှု စဉ်ဆက်မပြတ် ဆောင်ရွက်၍ ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်သွားရန်၊
၈	AML/CFT နှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ သင်ကြားလေ့ကျင့်ခြင်းနှင့် လိုက်နာဆောင်ရွက်စေခြင်းဖြင့် တိကျစွာလိုက်နာဆောင်ရွက်သွားရန်၊
၉	ကမ္ဘာ့ရတနာဘဏ်(ယခင်) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ မူလရည်ရွယ်ချက်များ ဖြစ်သော သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ဖြစ်စေသော လုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ်ပါဝင် ဆောင်ရွက် သွားရန်၊
၁၀	ဘဏ်၏ အကျိုးအမြတ်ရရှိရေးအတွက် ချေးငွေအခြေမခံသောဝင်ငွေ Non-Interest Income ရရှိအောင် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အာမခံလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊
၁၁	ဝန်ထမ်းများအရည်အသွေးပြည့်ဝရေးအတွက် လူစွမ်းအားအရင်းအမြစ်ဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအတိုင်း လေ့ကျင့်သင်ကြားမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်သကဲ့သို့ လုပ်ငန်းခွင် ပျော်ရွှင်စေရေးအတွက် ခေတ်နှင့်လိုက်လျောညီထွေရှိသော ဝန်ထမ်းသက်သာချောင်ချိရေးများ ဆောင်ရွက်ပေးရန်၊
၁၂	ရည်မှန်းချက်(၄)ရပ်ဖြင့် ဖွဲ့စည်းထားသော "ရတနာနှလုံးသားလူမှုရေးအကျိုးပြုအဖွဲ့" ၏ ထောက်ပံ့မှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် CSR လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊

နိဂုံး

၅၁။ ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)သည် နောင်လာလတ္တံ့သောနှစ်များတွင်လည်း ဘဏ်နှင့်ဆက်သွယ်သူ Customer များ၊ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက် အဘက်ဘက်မှ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖော်ပြလျက် ဤအစီရင်ခံစာကို နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(ဒါရိုက်တာအဖွဲ့)
၂၀၂၆ခုနှစ်၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်

GTB ဘဏ်၏ သင်္ခါတရားထက်သန်စွာ စဉ်ဆက်မပြတ် လှူဒါန်းထားရှိမှု မှတ်တမ်းပုံရိပ်များ



ဘဏ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် လှူဒါန်းမှု



ပဲခူးမြို့၊ ရွှေဂူလေးဘုရားကျောင်းတိုက် လှူဒါန်းမှု



ကမာဆွဲပရဟိတကျောင်းအတွက် ပညာသင်ထောက်ပံ့စရိတ်လှူဒါန်းမှု



ပရဟိတအဖွဲ့အစည်းသို့ ထောက်ပံ့လှူဒါန်းမှု



ဘဏ်ဝန်ထမ်းသား/သမီးများအတွက် ပညာသင်ထောက်ပံ့စရိတ်လှူဒါန်းမှု



တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ဘဏ်ဝန်ထမ်းသား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်မှု



ရန်ကုန်ဆေးရုံကြီးတွင်လှူဒါန်းမှု



ဘဏ်ဝန်ထမ်းများအတွက် ထောက်ပံ့လှူဒါန်းမှု



ဘဏ်ဝန်ထမ်းများအတွက် ဆီလှူဒါန်းမှု

ဘဏ်ဝန်ထမ်းများအတွက်
Training and Development ဆိုင်ရာ ဆောင်ရွက်ချက်များ



ကမ္ဘာ့ရေတနာဘဏ်(အများပိုင်ကုမ္ပဏီလီမိတက်)
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ

ဒါရိုက်တာအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့၌ ကုန်ဆုံးသောနှစ်အတွက် အစီရင်ခံစာကို စာရင်းစစ်ဆေးပြီးသော ကမ္ဘာ့ရေတနာဘဏ် (အများပိုင်ကုမ္ပဏီလီမိတက်)၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ တင်ပြအပ်ပါသည် -

(က) အစီရင်ခံစာပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ရှိသော ဘဏ်၏ဘဏ္ဍာရေးအခြေအနေနှင့် ၎င်းနေ့ရက်တွင် ကုန်ဆုံးသောနှစ်အတွက် ဘဏ်၏ ရှယ်ယာနှင့် ငွေသားစီးဆင်းမှုများတွင် ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများနှင့် ဘဏ္ဍာရေးလုပ်ဆောင်ချက်တို့ကို မှန်ကန်မျှတစွာ သုံးသပ်ရေးဆွဲထားသည်။

(ခ) ဤအစီရင်ခံစာရေးသည့်နေ့၌ ဘဏ်အနေဖြင့် အကြွေးများကို ပေးချေရန် ရက်စေ့သောအခါ ပေးချေနိုင်စွမ်းရှိသည်ဟု ယုံကြည်ရန် ခိုင်လုံသောအကြောင်းရင်းများရှိသဖြင့် ဒါရိုက်တာဘုတ်အဖွဲ့သည် ဤဘဏ္ဍာရေးအစီရင်ခံစာများကို ထုတ်ပြန်ရန် ခွင့်ပြုလိုက်ပြီးဖြစ်သည်။

(ဂ) ဤအစီရင်ခံစာတင်ပြပါကာလတွင် ဒါရိုက်တာရာထူးရှိသူများမှာ အစီရင်ခံစာပါ (၁၄) ဦးသာဖြစ်၍ ၎င်းတို့အကျိုးစီးပွားပါရှိသော်လည်း ယခင်ဘဏ္ဍာရေးနှစ်ကာလအကုန်မှစတင်၍ မည်သည့်ဒါရိုက်တာတစ်ဦးတစ်ယောက်မှ ဘဏ်နှင့်ပြုလုပ်သော ပဋိညာဉ် သို့မဟုတ် သက်ဆိုင်ရာကော်ပိုရေးရှင်းနှင့် ဒါရိုက်တာတို့ပြုလုပ်သော ပဋိညာဉ် သို့မဟုတ် ၎င်း၏အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီနှင့်ပြုလုပ်သော ပဋိညာဉ် သို့မဟုတ် ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းများနှင့် ဤအစီရင်ခံစာတွင် မြွက်ဟဖော်ပြထားသည်မှအပ ကြီးမားသောဘဏ္ဍာရေးအကျိုးစီးပွားများ ပါဝင်သော ကုမ္ပဏီနှင့် ချုပ်ဆိုထားသော ပဋိညာဉ်ကြောင့် အကျိုးခံစားခွင့်တစ်ရပ်ကို လက်ခံရရှိခဲ့ခြင်းသော်လည်းကောင်း လက်ခံရရှိပိုင်ခွင့်သော်လည်းကောင်း မရှိပါ။

(ဃ) ဤနှစ်အတွင်း ဘဏ်၏ လုပ်ငန်းအားလုံး စဉ်ဆက်မပြတ် လည်ပတ်လျက်ရှိပါသည်။

(င) ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်အရ လွန်ခဲ့သောဘဏ္ဍာရေးနှစ်တွင် ဘဏ်၏လုပ်ငန်းများမှ ရလဒ်များအပေါ် ဤအစီရင်ခံစာတွင် မြွက်ဟပြောကြားထားသည့် ခြွင်းချက်ပစ္စည်းအမယ်များနှင့် ထူးခြားသော ပစ္စည်းအမယ်များမှအပ ကြီးမားပြီး အစဉ်အလာမဟုတ်သော သဘောသဘာဝရှိသည့်ဖြစ်ရပ် သို့မဟုတ် လုပ်ဆောင်ချက် သို့မဟုတ် မည်သည့်ပစ္စည်းအမယ်ကမှ အကျိုးသက်ရောက်ခဲ့မှု မရှိပါ။

(စ) ဘဏ်အနေဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည့်အမြတ် သို့မဟုတ် အရှုံးမှအပ ဤဘဏ္ဍာရေးနှစ်အတွင်းတွင် တခြားမည်သည့်အကျိုးအမြတ် သို့မဟုတ် ဆုံးရှုံးမှုမျှမရှိခဲ့ပါ။

(ဆ) ဤနှစ်အတွင်းဘဏ်သည် မည်သည့်အမြတ်ဝေစုကိုမှ ခွဲဝေပေးခဲ့ခြင်းမရှိပါ။

(ဇ) ဘဏ္ဍာရေးနှစ်အတွင်း

(၁) ဘဏ်ရှိ ထုတ်မပေးသော ရှယ်ယာများကို မည်သူ့ကိုမှ ရွေးချယ်ခွင့်ကို မပေးခဲ့ပါ။

(၂) ရွေးချယ်ခွင့်ကို ကျင့်သုံးလျက် ဘဏ်၏ ထုတ်မပေးသော ရှယ်ယာများကို မည်သူ့ကိုမှ ထုတ်မပေးခဲ့ပါ။

(ဈ) စာရင်းစာအုပ်များကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ၏ ပုဒ်မ ၂၅၈ နှင့်အညီ သက်ဆိုင်ရာစာရင်းစစ်အဖွဲ့များ၏ စံအတိုင်း ထိန်းသိမ်းထားရှိသည်။

(ည) ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ဘဏ္ဍာရေးနှစ်အကုန်တွင်

(၁) ဘဏ်၏ရရန်ပိုင်ခွင့် (ပိုင်ဆိုင်ပစ္စည်းများ) အပေါ် တောင်းခံသော အခကြေးငွေများသည် တခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပေးရန်တာဝန်များကို သက်ရောက်မှုမရှိခဲ့ပါ။

(၂) ဒါရိုက်တာများ၏ အထင်အမြင်၌ ပေးရန်တာဝန်များကို ဘဏ်မှအချိန်စေ့ရောက်ချိန်၌ ပေးနိုင်စွမ်းကို ထိခိုက်စေမည့် သို့မဟုတ် ကြီးမားစွာ အကျိုးသက်ရောက်စေမည့် ဤဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၁၂)လတာ ကာလအတွင်းတွင် ပေးရန်တာဝန် သို့မဟုတ် နောင်အခါ ပေါ်ပေါက်လာနိုင်သော ပေးရန်တာဝန်ဟူ၍ မရှိပါ။

ဒါရိုက်တာအဖွဲ့ကိုယ်စား

ဒေါ်ကျူးကျူး
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ/အမှုဆောင်အရာရှိချုပ်

ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
(Incorporated in the Republic of the Union of Myanmar)
ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ အဖွဲ့ဝင်များသို့ ဘဏ္ဍာရေးရှင်းတမ်းများအတွက် စာရင်းစစ်၏ အစီရင်ခံစာ

ခြွင်းချက်ရှိ စာရင်းစစ် ထင်မြင်ယူဆချက်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် ကမ္ဘာ့ရတနာဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် စာမျက်နှာ ၉ မှ ၃၉ တွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း၊ အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

"ခြွင်းချက်ရှိ စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန်အခြေခံမှု" ဆိုသည့်စာပိုဒ်တွင် ဖော်ပြထားသည့် ကိစ္စရပ်မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပြီး ကမ္ဘာ့ရတနာဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့် ဖော်ပြချက်များအားလုံးသည် သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်တို့ ထင်မြင်ယူဆပါသည်။

ခြွင်းချက်ရှိ စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် အခြေခံမှု

ကျွန်တော်တို့၏ စာရင်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများအရ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်တို့၏ တာဝန်ဝတ္တရားများကို စာရင်းစစ်အစီရင်ခံစာတွင်ပါဝင်သော စာရင်းစစ်၏ တာဝန်ဆိုသော အပိုဒ်တွင်လည်း ထည့်သွင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ စာရင်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအရ ကျွန်တော်တို့သည် ဘဏ်နှင့် မှီခိုမှုကင်းလွတ်ပြီး အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများကိုလည်း ပြည့်မီအောင် ဆောင်ရွက်ထားရှိပါသည်။ ကျွန်တော်တို့ ရရှိထားသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ အထောက်အထားများသည် ကျွန်တော်တို့အနေဖြင့် ထင်မြင်ယူဆချက်ပေးရန် အခြေခံကျ၍ သင့်လျော်မှုရှိပြီး ပြည့်စုံလုံလောက်သည်ဟု ယုံကြည်ပါသည်။

တွေ့ရှိချက်များမှာ-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့သော အစီရင်ခံစာအရ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ Non-performing Loan လက်ကျန်မှာ ကျပ်သန်းပေါင်း ၁၈၄,၅၃၉ (စုစုပေါင်းချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ၏ ၃၆.၂၉%) ဖြစ်ပြီး အဆိုပါလက်ကျန်တွင် Non-performing Loan (အရှုံး) ကျပ်သန်းပေါင်း ၁၈၄,၂၅၇ နှင့် ဆုံးရှုံးနိုင်ဖွယ် ကျပ်သန်းပေါင်း ၂၈၂ ပါဝင်ပါသည်။

တာဝန်ခံအရာရှိမှ တင်ပြထားသော အတင်းအကြပ် ရောင်းဈေးပေါ်မူတည်၍ တွက်ချက်ပါက သီးခြားလျာထားမှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၂၄,၆၇၅.၃၈ ဖြစ်သင့်သော်လည်း ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကမ္ဘာ့ရေတနာဘဏ်မှ သတ်မှတ်ထားသော သီးသန့်လျာထားမှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၄,၈၆၈.၅၃ သာဖြစ်ကြောင်း တွေ့ရှိရသည်။ NPL တစ်ခုချင်းစီကို ပြန်လည်သုံးသပ်ရန်နှင့် လိုအပ်ပါက ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးမှုများအတွက် သီးခြားလျာထားမှု ပြုလုပ်ပေးထားရန် လိုအပ်ပါသည်။ [Management Letter စာပိုဒ် ၅.၄]

အခြားသတင်းအချက်အလက်များ

အခြားသတင်းအချက်အလက် ဖော်ပြထားခြင်းများသည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ အဆိုပါ အခြားသတင်းအချက်အလက်များတွင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအပါအဝင်ဖြစ်သော်လည်း ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာများ မပါဝင်ပါ။ ကျွန်တော်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စပ်လျဉ်းသော ထင်မြင်ယူဆချက်သည် အခြားသတင်းအချက်အလက်များနှင့် မသက်ဆိုင်ပါ။ ယင်းပေါ်တွင် အခြေခံသည့် မည်သည့်အာမခံချက်ဆိုင်ရာ ကောက်နုတ်ချက်များကိုမျှ ဖော်ပြမည်မဟုတ်ပါ။

ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံခန့်ခွဲမှုနှင့် ဒါရိုက်တာများ၏တာဝန်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်မှန်ပြီးတရားမျှတသော ဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲရန်၊ ပိုင်ဆိုင်မှုများအား ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ရောင်းချခြင်းမှ ကာကွယ်ပေးကြောင်း ကျိုးကြောင်းဆီလျော်စွာ အာမခံချက်ပေးရန် လုံလောက်သည့် ဌာနတွင်းထိန်းချုပ်မှုစနစ်များ ပြုစုရန်နှင့် ထိန်းသိမ်းရန်၊ စာရင်းလုပ်ဆောင်ချက်များကို စနစ်တကျ ခွင့်ပြုထားရန်၊ သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားသည့် ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်နှင့် ပိုင်ဆိုင်မှုများအပေါ် တာဝန်ခံမှုကို ထိန်းသိမ်းထားနိုင်ရန် စာရင်းလုပ်ဆောင်ချက်များကို မှတ်တမ်းတင်ထားရှိရန်မှာ စီမံခန့်ခွဲသူများ၏ တာဝန်ဖြစ်ပါသည်။

ကမ္ဘာ့ရေတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(Incorporated in the Republic of the Union of Myanmar)

စီမံအုပ်ချုပ်သူများသည် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများရပ်ဆိုင်းခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန်မှတစ်ပါး လက်တွေ့ကျသော အခြားနည်းလမ်းမရှိခြင်းစသည့် အခြေအနေများမှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုရာတွင် ဘဏ်၏ရှေ့ဆက်လုပ်ကိုင်နိုင်မည့် စွမ်းရည်၊ အဆိုပါအခြေအနေနှင့် သက်ဆိုင်သည်များကို ဖော်ပြရန်၊ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေပေါ်မူတည်၍ စာရင်းရေးသွင်းခြင်းတို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ ဒါရိုက်တာ၏ တာဝန်များတွင် ဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စဉ်ကို ကြီးကြပ်ရန် ပါဝင်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများ စာရင်းစစ်ဆေးခြင်းအပေါ် စာရင်းစစ်၏တာဝန်

ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ခြုံငုံ၍ မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်စွာ သေချာမှုရှိစေရန်နှင့် ကျွန်တော်တို့၏ ထင်မြင်ယူဆချက်ပါဝင်သည့် စာရင်းစစ်အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်စွာ သေချာမှုရှိသည်ဆိုရာတွင် မြင့်မားသည့် အာမခံချက်ဖြစ်သော်လည်း မြန်မာနိုင်ငံစာရင်းစစ်ဆေးခြင်းဆိုင်ရာ စံများနှင့်အညီ စာရင်းစစ်ဆေးထားခြင်းသည် အရေးပါသော မှားယွင်းဖော်ပြမှု တစ်ခုရှိနေခြင်းကို တွေ့ရှိနိုင်သည်ဟု အာမခံပေးခြင်းမျိုးမဟုတ်ပါ။ အရေးပါသော မှားယွင်းဖော်ပြမှုများသည် မသမာမှု သို့မဟုတ် မှားယွင်းမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ၎င်းတို့တစ်ခုချင်း သို့မဟုတ် စုပေါင်း၍ ဘဏ္ဍာရေးရှင်းတမ်းများကို အခြေခံသော စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရမည့် အသုံးပြုသူများကို ကျိုးကြောင်းဆီလျော်စွာ လွှမ်းမိုးမှုများရှိလာနိုင်သည်ဆိုပါက အဆိုပါ မသမာမှု သို့မဟုတ် မှားယွင်းမှုများကို အရေးပါသော မှားယွင်းဖော်ပြမှုဟု ယူဆပါသည်။

စာရင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာ စံများနှင့်အညီ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုဖြင့် အကဲဖြတ်ချက်ကျင့်သုံးပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ၏ သတိသမွဖဉ် (Professional Judgement and Professional Skepticism) ဖြင့် ထိန်းသိမ်းဆောင်ရွက်ပါသည်။

ကျွန်တော်တို့သည် အုပ်ချုပ်မှု တာဝန်ရှိသူများနှင့် စာရင်းစစ်ဆေးရန် စီစဉ်ထားသော အတိုင်းအတာ၊ စစ်ဆေးမည့်အချိန်နှင့် စစ်ဆေးချိန်အတွင်း တွေ့ရှိရသည့် လုပ်ငန်းတွင်းကြီးကြပ်မှုတွင် အရေးကြီးသည့် အားနည်းမှုများ အပါအဝင် အရေးကြီးသည့် တွေ့ရှိချက်များ စသည့်ကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပါသည်။

ကမ္ဘာ့ရေတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(Incorporated in the Republic of the Union of Myanmar)

အခြားသောဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ပေါ်တွင် အစီရင်ခံခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်ုပ်တို့သည် -

(က) လိုအပ်သောသတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(ခ) ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း

အစီရင်ခံပါသည်။

ထို့ပြင် မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေ ပုဒ်မ ၈၉ အရ စီမံခန့်ခွဲသူများသို့ ပေးပို့သော အစီရင်ခံစာပါ ကိစ္စရပ်မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီး ဘဏ်၏ အရာထမ်း၊ အမှုထမ်းများထံမှ ရရှိသော သတင်းအချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်တော်များ ထင်မြင်ယူဆပါသည်။

Daw Khaine Yee Mon
B.Com, CPA, ACCA
Certified Public Accountant
C P A Registration No 939

ICOP Sein Win & Associates Company Limited
No.
Date

ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(Incorporated in the Republic of the Union of Myanmar)

၃၁ မတ် ၂၀၂၆ ကုန်ဆုံးသောနေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

	မှတ်စု	၃၁.၃.၂၀၂၆ မြန်မာကျပ်	၃၁.၃.၂၀၂၅ မြန်မာကျပ်
ရပိုင်ခွင့်များ			
ငွေနှင့်ငွေသား နှင့် ညီမျှသောလက်ကျန်များ	၇	၃၀၆,၁၈၂,၉၉၄,၇၂၀	၁၈၀,၁၁၇,၁၅၉,၁၆၇
ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေများ	၈	၅၀၈,၄၅၉,၅၆၇,၇၁၅	၅၄၂,၉၁၆,၂၀၄,၇၅၅
ရင်းနှီးမြှုပ်နှံမှုများ	၉	၁၁၀,၆၁၇,၃၀၂,၅၇၄	၁၁၀,၆၁၇,၃၀၂,၅၇၄
အခြား ပိုင်ဆိုင်မှု	၁၀	၆၂,၇၉၃,၀၀၄,၄၂၉	၄၇,၉၁၂,၀၈၉,၃၈၄
ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်ချက်ဖြင့်ကိုင်ဆောင်ထားသော အိမ်ခြံမြေ		၂,၂၄၅,၅၅၆,၂၅၀	၃,၄၆၇,၂၃၃,၆၂၅
မြေနှင့်အဆောက်အဦးအသုံးပြုခွင့်		၀	၁
ပုံသေပိုင်ပစ္စည်းများ	၁၁	၆၀,၅၄၃,၇၁၁,၃၂၃	၅၇,၆၅၆,၅၂၈,၆၉၈
ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း	၁၂	၄,၁၂၃,၉၉၃,၃၆၂	၃,၃၂၉,၆၅၃,၈၆၁
စုစုပေါင်းရပိုင်ခွင့်များ		**၁,၀၅၄,၉၆၆,၁၃၀,၃၃၃**	**၉၂၂,၀၁၆,၁၃၂,၀၆၅**
ပေးရန်ရှိများ			
စုစုပေါင်းအပ်ငွေများ	၁၃	၇၅၁,၀၂၂,၁၁၉,၆၆၄	၆၄၆,၇၂၂,၉၄၂,၃၃၄
ချေးယူငွေများ	၁၄	၇၅,၆၃၉,၀၀၀,၀၀၀	၁၁၃,၄၃၄,၄၀၀,၀၀၀
အခြားပေးရန်ရှိနှင့် လျာထားပေးရန်တာဝန်များ	၁၅	၁၁၆,၄၇၁,၃၆၉,၈၄၆	၉၇,၉၈၃,၄၃၇,၅၆၉
စုစုပေါင်း ပေးရန်ရှိများ		**၉၄၃,၁၂၂,၄၈၉,၅၁၀**	**၈၅၈,၂၃၀,၇၈၀,၃၃၃**
အစုရှင်များ၏ပိုင်ဆိုင်ခွင့်			
ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ	၁၆	၆၂,၄၃၆,၅၀၀,၀၀၀	၆၂,၄၃၆,၅၀၀,၀၀၀
ရှယ်ယာပရီမီယံ		၆,၇၄၂,၂၅၀,၀၀၀	၆,၇၄၂,၂၅၀,၀၀၀
ရန်ပုံငွေများ	၁၇	၃၈,၄၂၃,၆၉၃,၂၈၈	၄၀,၄၁၇,၈၅၁,၂၆၄
အမြတ်လက်ကျန်		၄,၂၃၁,၁၉၇,၅၅၅	၄,၁၈၈,၇၉၀,၄၅၈
စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်		**၁၁၁,၈၃၃,၆၀၄,၂၈၃**	**၁၁၃,၇၈၅,၃၉၃,၂၆၂**
စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ		**၁,၀၅၄,၉၆၆,၁၃၀,၃၃၃**	**၉၂၂,၀၁၆,၁၃၂,၀၆၅**

ဒါရိုက်တာများမှ အတည်ပြုချက်

ဒေါ်ကျူးကျူး
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ/အမှုဆောင်အရာရှိချုပ်

ကမ္ဘာ့ရေတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(Incorporated in the Republic of the Union of Myanmar)

၃၁ မတ် ၂၀၂၆ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

	Notes	၃၁.၃.၂၀၂၆ မြန်မာကျပ်	၃၁.၃.၂၀၂၅ မြန်မာကျပ်
အတိုးဝင်ငွေ	၁၈	၇၇,၀၁၉,၅၂၂,၀၉၆	၆၄,၁၇၃,၈၉၉,၄၁၇
အတိုးစရိတ်	၁၉	-၆၈,၀၁၈,၉၆၀,၇၄	-၆၁,၀၇၀,၀၄၆,၁၉၂
အသားတင် အတိုးဝင်ငွေ		**၉,၀၀၀,၅၆၁,၃၂၂**	**၃,၁၀၃,၈၅၃,၂၂၅**
ကော်မရှင်ဝင်ငွေနှင့် အခကြေးငွေ	၂၀	၁၃,၈၇၉,၈၈၅,၅၁၇	၁၃,၉၉၈,၈၉၇,၂၉၁
အခြားဝင်ငွေ	၂၁	၄,၂၉၃,၃၁၃,၀၄၆	၅,၃၇၁,၄၆၇,၇၄၉
စုစုပေါင်းဝင်ငွေ		**၂၇,၁၇၃,၇၅၉,၉၃၅**	**၂၂,၄၇၄,၂၁၈,၂၆၅**
ဝန်ထမ်းရေးရာစရိတ်	၂၂	-၁၃,၂၅၈,၁၃၁,၂၄၂	-၁၀,၅၉၈,၅၇၇,၄၈၄
ငှားရမ်းခစရိတ်		-၂၉၉,၀၄၆,၈၃၃	-၂၈၉,၂၄၀,၈၁၀
အထွေထွေနှင့် စီမံခန့်ခွဲရေးကုန်ကျစရိတ်	၂၃	-၄,၈၂၀,၈၉၅,၂၄၈	-၅,၄၅၄,၆၀၀,၉၆၄
တန်ဖိုးလျော့ခြင်းများ		-၃,၁၃၀,၅၅၀,၇၆၁	-၂,၆၈၈,၁၆၅,၀၇၉
အခြား အသုံးစရိတ်	၂၄	-၅,၅၆၉,၂၉၆,၁၆၈	-၄,၉၃၃,၂၄၁,၁၂၆
မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက် အတိုးစရိတ်		-၃၃၂,၁၀၂	-
အာမခံတန်ဖိုးလျော့နည်းသော ချေးငွေများ အတွက် လျာထားချက်		-၃၀၀,၀၀၀,၀၀၀	-၂၀၀,၀၀၀,၀၀၀
စုစုပေါင်း ကုန်ကျစရိတ်		**-၂၇,၃၃၈,၂၅၂,၃၅၄**	**-၂၄,၁၆၃,၈၂၅,၆၅၃**
အရင်းအနှီးအမြတ်		၅၂၃,၃၉၃,၄၂၄	၁,၈၂၃,၉၁၂,၃၅၀
အခွန်မလျာထားမီ အမြတ်/(အရှုံး)		**၃၂၈,၉၀၁,၀၅၅**	**၁၃၄,၃၀၅,၁၅၂**
ဝင်ငွေခွန်စရိတ်	၂၅	-၇၂,၃၅၈,၂၃၂	-၂၉,၅၄၃,၁၃၃
အခွန်လျာထားပြီးအသားတင်အမြတ်		**၂၅၆,၅၄၂,၈၂၃**	**၁၀၄,၇၅၈,၀၁၉**
အခြားသောဝင်ငွေအလုံးစုံ		-	-
နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ		**၂၅၆,၅၄၂,၈၂၃**	**၁၀၄,၇၅၈,၀၁၉**

ဒေါ်ကျူးကျူး
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ/အမှုဆောင်အရာရှိချုပ်

ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက်)

(Incorporated in the Republic of the Union of Myanmar)

၃၁ မတ် ၂၀၂၆ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

	၃၁.၃.၂၀၂၆ မြန်မာကျပ်	၃၁.၃.၂၀၂၅ မြန်မာကျပ်
လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ		
အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး)	၇၂၈,၉၀၁,၀၅၅	၁၃၄,၃၀၅,၁၅၂
စာရင်းညှိနှိုင်းချက်များ		
- ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့	၃,၁၃၀,၅၅၀,၇၆၁	၂,၆၁၅,၅၂၆,၀၃၁
- အမြတ်လက်ကျန် ညှိနှိုင်းချက်		
- ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး/အမြတ်	-၅၅၃,၃၉၃,၄၂၄	-၁,၈၂၃,၉၁၂,၃၅၀
- ပုံသေပိုင်ပစ္စည်းစာရင်း ညှိနှိုင်းချက်	၁၆၉,၇၃၀,၀၁၂	၈,၇၈၅,၁၁၈,၂၁၄
- ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု	၈၃,၄၉၉,၈၄၆	၁၂၁,၉၂၈,၁၁၂
- ရန်ပုံငွေ ညှိနှိုင်းချက်	-၂,၂၀၈,၂၉၃,၆၈၂	၁,၀၀၀,၀၇၇,၄၈၆
လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင်လုပ်ငန်း အမြတ်/(အရှုံး)	၉၇၀,၉၉၄,၅၁၈	၁၀,၈၃၃,၀၄၂,၆၄၅
လည်ပတ်နေသောပိုင်ဆိုင်မှုများနှင့် ပေးရန်တာဝန် ပြောင်းလဲမှုများ		
- ချေးငွေလက်ကျန်	၃၄,၄၅၆,၆၃၇,၀၄၀	-၁၃,၂၇၄,၆၅၃,၄၇၇
- အခြားပိုင်ဆိုင်မှုများ	၁၁,၀၉၉,၅၃၇,၈၂၅	-၂၀,၉၃၆,၄၆၉,၉၆၃
- အပ်ငွေစာရင်း	၁၀၄,၁၇၆,၈၁၈,၆၅၇	၅၇,၇၈၇,၅၈၉,၈၄၅
- ချေးယူငွေများ	-၃၇,၈၃၅,၄၀၀,၀၀၀	၂၄,၁၇၄,၀၀၀,၀၀၀
- အခြားပေးရန်တာဝန်များ	၁၈,၅၁၇,၄၇၉,၄၀၈	၈၃,၅၅၂,၇၆၂,၃၀၈
လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ	၁၃၁,၃၈၆,၀၆၇,၆၄၈	၈၂,၁၃၆,၂၇၁,၃၅၈
ဝင်ငွေခွန်ပေးဆောင်မှု	-၁၀,၀၀၀,၀၀၀	-၃၀,၀၀၀,၀၀၀
လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင် ငွေသားစီး၀င်မှု/ (အသုံးပြုမှု)	၁၃၁,၃၇၆,၀၆၇,၆၄၈	၈၂,၁၀၆,၂၇၁,၃၅၈
ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှု		
ပုံသေပိုင်ပစ္စည်းများဝယ်ယူခြင်း	-၆,၄၀၅,၇၄၀,၈၂၂	-၈,၆၅၄,၈၆၃,၅၈၁
ရင်းနှီးမြှုပ်နှံထားသော အိမ်ခြံမြေ	-	-၂,၇၇၀,၆၂၇,၃၇၅
ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ	-၁,၀၅၈,၈၇၅,၀၇၃	-၆၄၃,၄၇၉,၆၀၅
ရင်းနှီးမြှုပ်နှံထားသော ငွေချေးသက်သေစာချုပ်များ	-	-၉,၀၄၀,၀၀၀,၀၀၀
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ၀င်ငွေ	၂,၁၅၄,၃၈၄,၀၀၀	၂,၅၆၅,၈၄၅,၀၀၀
ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု	-၅,၃၁၀,၂၀၁,၈၉၅	-၁၈,၅၄၃,၃၅၅,၅၆၁
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ		
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင် ငွေသားစီး၀င်မှု/ (အသုံးပြုမှု)		
ငွေသားအသားတင် အတိုး/(အလျော့)	**၁၂၆,၀၆၅,၈၃၅,၅၅၃**	**၆၃,၅၆၃,၁၄၅,၇၉၆**
စာရင်းဖွင့်ငွေနှင့် ဘဏ်လက်ကျန်	**၁၈၀,၁၁၇,၁၅၉,၁၆၇**	**၁၁၆,၅၅၄,၀၁၃,၃၇၁**
စာရင်းပိတ်ငွေနှင့် ဘဏ်လက်ကျန်	**၃၀၆,၁၈၂,၉၉၄,၂၂၀**	**၁၈၀,၁၁၇,၁၅၉,၁၆၇**

ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(Incorporated in the Republic of the Union of Myanmar)

၃၁ မတ် ၂၀၂၆ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုပြောင်းလဲခြင်းရှင်းတမ်း

(မြန်မာကျပ်)

	ရင်းနှီးငွေ	ရှယ်ယာပရီမီယံ	ရန်ပုံငွေများ	အမြတ်လက်ကျန်	စုစုပေါင်း
၁.၄.၂၀၂၄ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၆၂,၄၃၆,၅၀၀,၀၀၀	၆,၂၄၂,၂၅၀,၀၀၀	၃၉,၃၄၁,၅၈၄,၂၃၃	၄,၁၆၀,၂၂၁,၉၄၅	၁၁၂,၆၈၀,၅၅၆,၂၁၈
နှစ်အတွင်းပြောင်းလဲမှုများ					
နှစ်အတွင်းစာရင်းညှိနှိုင်းချက်			၁,၀၀၀,၀၇၇,၄၈၆		၁,၀၀၀,၀၇၇,၄၈၆
နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ				၁၃၄,၃၀၅,၁၅၂	၁၃၄,၃၀၅,၁၅၂
ဝင်ငွေခွန်အတွက်လျာထားချက်				-၂၉,၅၄၇,၁၃၃	-၂၉,၅၄၇,၁၃၃
ရန်ပုံငွေသို့ပြောင်း			၇၆,၁၈၉,၅၀၅	-၇၆,၁၈၉,၅၀၅	
၃၁.၃.၂၀၂၅ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၆၂,၄၃၆,၅၀၀,၀၀၀**	**၆,၂၄၂,၂၅၀,၀၀၀**	**၄၀,၄၁၇,၈၅၁,၂၆၄**	**၄,၁၈၈,၃၉၀,၄၅၈**	**၁၁၃,၃၅၅,၃၉၁,၂၂၂**
၁.၄.၂၀၂၅ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၆၂,၄၃၆,၅၀၀,၀၀၀	၆,၂၄၂,၂၅၀,၀၀၀	၄၀,၄၁၇,၈၅၁,၂၆၄	၄,၁၈၈,၃၉၀,၄၅၈	၁၁၃,၃၅၅,၃၉၁,၂၂၂
နှစ်အတွင်းပြောင်းလဲမှုများ					
နှစ်အတွင်းစာရင်းညှိနှိုင်းချက်			-၂,၂၀၈,၂၉၃,၆၈၂		-၂,၂၀၈,၂၉၃,၆၈၂
နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ				၃၂၈,၉၀၁,၀၅၅	၃၂၈,၉၀၁,၀၅၅
ဝင်ငွေခွန်အတွက်လျာထားချက်				-၇၂,၃၅၈,၂၃၂	-၇၂,၃၅၈,၂၃၂
ရန်ပုံငွေသို့ပြောင်း			၂၁၄,၁၃၅,၃၀၆	-၂၁၄,၁၃၅,၃၀၆	၀
၃၁.၃.၂၀၂၆ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၆၂,၄၃၆,၅၀၀,၀၀၀**	**၆,၂၄၂,၂၅၀,၀၀၀**	**၃၈,၄၂၃,၆၉၃,၂၈၈**	**၄,၂၃၁,၃၉၇,၅၂၅**	**၁၁၁,၈၃၃,၆၀၈,၈၆၃**

ဒေါ်ကျူးကျူး
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ/အမှုဆောင်အရာရှိချုပ်

“ အမြဲကူညီ GTB ”

























“ အမြဲကူညီ GTB ”












Global Treasure Bank

(PUBLIC COMPANY LIMITED)

No. (653/699), Merchant Street,
Pabedan Township,Yangon, Myanmar.
CEO Off: Ph: 951 375607, 375528(ADM)
International Banking Ph : 959 940 880 662, 951 377132(PR)
Email : globaltreasurebank@gmail.com,
Website : www.gtbmm.com
Swift Address : MLFBMMMY

"Your Dream Your Success, Global Treasure Bank"